


# ပြင်ချိန်ရှိသေးလို့ပြောနေရတာ

## ရှင်ရေဝတ

ဟောကြားသည့်နေ့
၅-၃-၆၁

၂၈၅

ကျေးရွာတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၀) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ ဟောကြားတော်မူခဲ့သောတရားတော်

# ပြင်ချိန်ရှိသေးလို့ ပြောနေရတာ

(ရှင်ရေဝတ)

ဟောကြားသည့်နေ့

(၅-၃-၆၀)

စာမူခွင့်ပြုချက်အမှတ် - ၇၅/၉၇ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၇/၉၇ (၇)

ထုတ်ဝေသူ
ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

ပုံနှိပ်သူ
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊
အမှတ် ၈၄၊ လမ်း (၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ပြင်ချိန်ရှိသေးလို့ ပြောနေရတာ

(ရှင်ရေဝတ)

ဟောကြားသည့်နေ့ (၅-၃-၆၀)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကုရုတိုင်းမှာ
ဒီတင်းသုံးပြီး သကာလနေတော့ သံဃာတွေက တရားနာရ
အာင်ဆိုပြီး အနားမှာ ဝိုင်းပြီးသကာလ နေကြတယ်၊ ဘုရားသခင်
ိုယ်တော်မြတ်ကြီးက တရားမဟောမီ ရှေ့အဖို့ကာလ၌ အဖြေ
ပးချင်လို့ မေးပါတယ်၊ ဖြေချင်လို့ မေးတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ
းဝ ရှင်းထားရမယ်နော်...(မှန်ပါ့)။

## အကြောင်းတရားတွေ သုံးသပ်ကြရဲ့လား

မင်းတို့ကွာ၊ ခန္ဓာကိုယ်အတွင်းမှာ အကြောင်းတရားတွေများ သုံးသပ်ကြရဲ့လားလို့ မေးလိုက်တယ်...(မှန်လှပါ)၊ ကိုယ့်ခန္ဓာထဲမှာ အကြောင်းတရားတွေရှိတယ်၊ အဲဒီအကြောင်းတရားတွေကို သုံးသပ်ကြစမ်းပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမိန့်ရှိတယ်...(မှန်ပါ့)။

## ရဟန်းတစ်ပါး အဖြေ

အဲဒီတော့ ရဟန်းတစ်ပါးက လျှောက်တယ်၊ တပည့်တော်များ သုံးသပ်ပါတယ် ဘုရားတဲ့...(မှန်ပါ့)၊ ဘယ်လိုများ သုံးသပ်သတုံးကွ...လို့မေးတော့ တပည့်တော်က "ကေသာ လောမာ နခါ ဒန္တာ တစော" ဆိုတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ အနုလုံ ပဋိလုံ သုံးသပ်ပါတယ်ဘုရား ဆိုတော့ ဘုရားမေး လိုရင်း အဖြေတော့ မကျဘူး ...(မှန်ပါ့)။

ဘုရားမေးတာကို ဒကာ ဒကာမတို့ စဉ်းစားပါ၊ ခန္ဓာကိုယ်ထဲမှာ မင်းတို့ အကြောင်းတရားတွေများ သုံးသပ်ကြရဲ့လားလို့မေးတော့ ရဟန်းက သုံးဆယ့်နှစ်ကောဋ္ဌာသ သုံးဆယ့်နှစ်ပုံတရားတွေ သုံးသပ်နေတော့ အကြောင်းအကျိုးက ပါရဲ့လား ...(မပါ ပါဘုရား) မပါပါဘူး၊ သုံးဆယ့်နှစ်ပုံ ပုံပြီးသကာလ

အသုဘစွဲ နေတာ ရှိတာပဲ...(မှန်ပါ့)။

ဘုရားအလိုရှိတာက မင်းတို့ ခန္ဓာကိုယ်ထဲမှာ အကြောင်းတရားတွေများ စုံစမ်းဆင်ခြင်ကြရဲ့လား၊ အကြောင်းတရားတွေရှိတယ်ကွ၊ အဲဒါ စုံစမ်းပါဆိုတာကို ရဟာန်းက သုံးဆယ့်နှစ်ပုံပုံပြီးတော့ တပည့်တော် ဒါတွေကို သုံးသပ်ပါတယ်ဆိုတော့ဘုရားက အကြောင်းကို သုံးသပ်စေချင်တယ်၊ သူက အပုံကိုသုံးသပ်ပြီးသကာလ နေတဲ့အတွက် ဘုရားအလိုတော်မကျဘူးလို့မှတ်ရမယ့်...(မှန်ပါ့)။

## ရှင်အာနန္ဒာက လျှောက်တယ်

အဲဒီလိုဖြစ်ပြီးသကာလ နေတော့ ရှင်အာနန္ဒာက အနားမှာ ရှိတယ်၊ အရှင်ဘုရားဟောပြမှ သိရမည့်ပုဂ္ဂိုလ်တွေဖြစ်ပြီးသကာလ နေပါတယ်၊ ဒါကြောင့် အရှင်ဘုရားပဲ အကြောင်းသုံးသပ်တဲ့နည်းကို ဟောတော်မူပါလို့ ရှင်အာနန္ဒာက လျှောက်တယ်၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ လာတယ်လို့ မှတ်ကြပါ...(မှန်ပါ့)။

## ခန္ဓာကိုယ်ဟာ တစ်နေ့တခြား အိုလာတယ်

ဒါ...တဲ့ ဒကာ ဒကာမတို့ သုံးသပ်ကြလို့ဆိုတော့ သြော်... ငါ၏ခန္ဓာကိုယ်ဟာ တစ်နေ့တခြား အိုလာတယ်၊ တစ်နေ့တခြား သေခါနီးလာတယ်၊ ဒကာ ဒကာမတို့ ဒါ သုံးသပ်လိုက်ရင် ပေါ်လာတာပဲ...(မှန်ပါ့)။

ကိုယ့်အိမ်မှာရှိတဲ့ မှန်ကို ကိုယ့်ရှေ့နားက ထားပြီး ကြည့်လိုက်ရင်လည်း ဖျိုရုပ်တွေပျောက်ပြီး အိုရုပ်တွေ ပေါ်ပေါက်နေတာ သြော်...အိုလာပါပေါ့လား၊ အိုတယ်ဆိုတာ ဘာဖြစ်တာပါလိမ့်၊ သြော်...အိုတယ်ဆိုတာ သေခါနီးတာပဲ...(မှန်ပါ့)။

## နင့်ထက် ငါ သေခါနီးပြီပြောတာ

ကျုပ်တို့ ကြီးပြီ...ကြီးပြီလို့ပြောတဲ့ဥစ္စာ ဒကာ ဒကာမတွေက စကားသုံးသပ်ပြီးသကာလ နင့်ထက် ငါကြီးတယ်ဆိုတဲ့ မာန်မာနမျိုး မလာပါစေနဲ့...(မှန်ပါ့)၊ နင့်ထက် ငါသေခါနီးတယ်လို့ ပြောလိုက်ရင် သိပ်ကောင်းတယ်...(မှန်ပါ့)၊ နင့်ထက် ငါကြီးတယ်၊ နင်ပြောတာ ငါနားမထောင်ဘူး၊ ဒီအသွားမျိုးတော့ မလုပ်ပါနဲ့...(မှန်ပါ့)၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတွေ သုံးရမည့်ဥစ္စာကျတော့လည်း အလွဲသုံးစား မသုံးရမှာကျတော့လည်း သုံးနေကြတယ်၊ တကယ့်

နိဗ္ဗာန်ရောက်မည့် အကြောင်းကျတော့လည်း မသုံးတတ်ဘူး၊ မာန်တက်မည့်အသုံးကျတော့ ဦးခင်မောင် သုံးကြတယ်... (မှန်ပါ့)။

## အို, နာ, သေ တွေ ခန္ဓာမှာ ရှိနေတယ်

ကိုင်း ...ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ အတွင်းများကွာ...အို, နာ, သေ ဆိုတာ မင်းတို့ခန္ဓာထဲမှာရှိနေ တယ်ကွ၊ အဲဒါတွေ ဘယ်ကများလာသတုံးလို့ သူ့အကြောင်း များ ရှာဖို့ သိပ်ကောင်းပါတယ်...(မှန်ပါ့)။

ဒကာ ဒကာမတွေ အို, နာ, သေ ဘယ်ကလာသလဲဆိုတဲ့ အကြောင်းကိုရှာကြတဲ့...(မှန်ပါ)၊ အကြောင်းရှာရမယ်...တဲ့၊ မင်းတို့ အကြောင်းရှာကြပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ဟောတော့ ဒကာ ဒကာမတို့လည်း အကြောင်းရှာကြ၊ သြော်...ငါ၏ ခန္ဓာကိုယ်ကြီးဟာ အိုပြီး တော်တော်ကြာ အနာတွေက များလိုက်တာ၊ တော်တော်ကြာကျလို့ရှိရင်ဖြင့် သေရ တော့မှာပဲ၊ ဒီ အို, နာ, သေ တွေဟာ ဘယ်ကများ လာတာပါ လိမ့်မတုံး၊ ဘယ်ကများ လာတာပါလိမ့်မလဲလို့ ကိုယ့်ဟာကိုယ် သုံးသပ်ကြစမ်းပါ...(မှန်ပါ့)။

## အို, နာ, သေ ဘယ်က လာသလဲ

ကိုယ့်ဟာကိုယ် သုံးသပ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒါ တွေးလုံးတော့ ပေါ်ရတော့မယ်၊ ဘုရားဆီက ဉာဏ်မရ၊ ဆရာ သမားဆီက ဉာဏ်မရလို့ရှိရင်ဖြင့် ဪ...ငယ်ရာက ကြီးလာ တာပဲ၊ ဒါလောက်ပဲ တွေးမှာပဲ...(မှန်ပါ့)၊ ဒီလိုမတွေးပါနဲ့၊ ဪ... ဒီ အို, နာ, သေ ဟာ ဘယ်ကလာပါလိမ့်မတုံးလို့ သေသေချာချာ တွေးပါ။

ဒကာ ဒကာမတို့ အို, နာ, သေ ဆိုတဲ့ဥစ္စာ ခန္ဓာထဲမှာ ရှိတယ်၊မရှိဘူးလား ...(ရှိပါတယ်ဘုရား)၊ ဘယ်ကလာသတုံးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တွေးဖို့သိပ်ကောင်းပါတယ်၊ ဘုရားကလည်း ဒီ အို, နာ, သေ ဘယ်ကလာတုံးဆိုတဲ့ တွေးလုံး ဟာ မင်းတို့ တွေးကြစမ်းပါကွာတဲ့...(မှန်ပါ့)။

အကြောင်းရှာလို့ မတွေ့ခဲ့သည်ရှိသော် အကြောင်းသတ် တဲ့ တရားကို ရမှာမဟုတ်ဘူး ...(မှန်ပါ့)၊ အကြောင်းသတ်တဲ့ တရားကို မရခဲ့လို့ရှိရင် အကျိုး အို, နာ,သေနဲ့ ဘယ်တော့မှ အိုးစားကွဲမယ်မဟုတ်ဘူး ...(မှန်ပါ့)၊ ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

ကောင်းပြီ...ဒါဖြင့် အခု ဒကာ ဒကာမတို့ အို, နာ, သေသည်ကား ...လို့ဆိုရင်ဖြင့် အခု ဒကာ ဒကာမတို့ လက်ရှိပဲ ခွဲလို့မရ ခွာလို့မရဆိုတာ ဦးဘအုန်းတို့၊ ဦးခင်မောင်တို့ မသေချာဘူးလား ...(သေချာပါတယ်ဘုရား)။

အခု ဒကာ ဒကာမတွေ ဒီနေ့ အိမ်ကလာကြတယ်၊ ဆရာဘုန်းကြီးဆီကို၊ အိမ်က လာသည်ထက် အခုအိုတယ်၊ အိမ်က လာသည်ထက်ကော အခု အနာဘက်ရောက်ဖို့ကော မနီးဘူးလား ...(နီးပါတယ်ဘုရား)၊ အသေဘက် ရောက်ဖို့ကော...(နီးပါတယ်ဘုရား)။

ဩော်...ဘယ်ကများ လာပါလိမ့်မလဲ၊ ဒါကြီးဟာ တစ်နေ့တခြား ခန္ဓာထဲမှာ အပြည့်အစုံကြီးဖြစ်နေရတာ ဘယ်က လာသတုံးဆိုတဲ့ အကြောင်းကို တွေးပါ...(မှန်ပါ့)၊ တွေးလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဘုရားမှပဲ အမှန်တွေးနိုင်တယ်လို့ ဦးဘအုန်းတို့၊ ဦးခင်မောင်တို့ မှတ်ရမယ်...(မှန်ပါ့)၊ သဘောပါပလား ...(ပါပါပြီဘုရား)။

## အို, နာ, သေ ခန္ဓာကလာတယ်

ကောင်းပြီ၊ ဒီ အို, နာ, သေ ဘယ်ကလာသတုံးလို့ ဒကာ ဒကာမတွေ တွေးဖြစ်အောင်တွေးပါ၊ တွေးဖြစ်အောင်တွေးပါဆို တော့ ဒကာ ဒကာမတို့ အို, နာ, သေဟာ ခန္ဓာငါးပါးက လာတာ ...(မှန်ပါ့)။

အို, နာ, သေ ဘယ်က လာပါလိမ့်...(ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

သမ္မာသနသုတ်ဆိုတာ ခန္ဓာကိုယ်သုံးသပ် ဆင်ခြင်တဲ့ သုတ်၊ အို, နာ, သေ ခန္ဓာငါးပါးကလာတယ်၊ ဒါကလေးက ခန္ဓာငါးပါးလို့ မှတ်လိုက်ကြစမ်းပါ...(မှန်ပါ့)၊ ဒီဘက်က အို, နာ, သေ မှတ်လိုက်တာပေါ့...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ခန္ဓာငါးပါးရှိလို့ အို, နာ, သေဟာ ဒီအထဲက ပေါ်ပေါက်လာတယ်...(မှန်ပါ့)၊ ခန္ဓာငါးပါး မရှိရင် (အို, နာ, သေ မပေါ်ပေါက်ပါဘုရား)၊ ဒကာ ဒကာမတွေ တစ်ဘဝ မှာလည်း အို, နာ, သေနဲ့ ဇာတ်သိမ်း၊ နောက်ဘဝကျတော့ ဒကာ ဒကာမတွေ ဘာဖြစ်ဦးမှာတုံးဆိုတော့ အို...ဘာဖြစ်မယ်လို့ မပြော တတ်ပါဘူး၊ အို, နာ, သေနဲ့ ဇာတ်သိမ်းရမှာကတော့ သေချာ တယ်...(မှန်ပါ့)၊ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)။

**ဆေးနဲ့ ဝါးနဲ့ တားလို့မရ**

ပစ္စည်းပေးပြီး တားလို့ကော ရပါ့မလား ...(မရပါဘုရား)၊ ကိုယ့်ထက်ဘုန်းကြီးတဲ့ပုဂ္ဂိုလ်က အာဏာရှင်လုပ်ပြီး တားရင်ကော...(မရပါဘုရား)၊ ထမင်းနဲ့ တားလို့ကော...(မရပါ)၊ ဆေးနဲ့ဝါးနဲ့ တားလို့ကော...(မရပါဘုရား)။

မရတာကြီးဟာ ဘာကြောင့် မရပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် အို, နာ, သေ ဘယ်ကလာသတုံး ...(ခန္ဓာငါးပါးက လာပါတယ်)၊ အဲဒီခန္ဓာငါးပါးက လာတယ် ဒကာ ဒကာမတို့ သေသေချာချာကြည့်ပါ...(မှန်ပါ့)၊ ခန္ဓာငါးပါးဆိုတာ လူခန္ဓာငါးပါး၊ နတ် ခန္ဓာငါးပါး၊ ဗြဟ္မာ ခန္ဓာငါးပါး၊ ဦးခင်မောင် တစ်တန်းတည်းပဲ...(မှန်ပါ့)။

ဒါဖြင့် ခန္ဓာငါးပါးရတဲ့ ပုဂ္ဂိုလ်ဖြင့် ခန္ဓာငါးပါးတည်းဟူသော မူလအကြောင်းကြောင့် အို, နာ, သေ တည်းဟူသော ဒုတိယအကျိုးတရားတွေဟာ ဒကာ ဒကာမတို့ ပြေးလို့လွတ်ပါဦးမလား ...(မလွတ်ပါဘုရား)။

## ခန္ဓာရှိရင် အို, နာ, သေ လာမယ်

ပြေးလို့မလွတ်ဘူးဆိုတော့ ဩော်...ဒါဖြင့် တို့ကလည်း ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဘာခန္ဓာဖြစ်ချင်ရတာနဲ့ ညာခန္ဓာဖြစ်ချင်ရတာနဲ့ တို့ကလည်း လူခန္ဓာ လူချမ်းသာ နတ်ခန္ဓာ နတ်ချမ်းသာ ဗြဟ္မာခန္ဓာ ဗြဟ္မာချမ်းသာ ဖြစ်ချင်တယ် ဆိုလို့ရှိရင်လည်း ခန္ဓာရှိရင် အို, နာ, သေလာမယ်၊ ခန္ဓာထဲက ပေါ်လာတာပဲ... (မှန်ပါ့)၊ ဘယ်သူကမှ ထည့်ပေးတာမဟုတ်ပါဘူး ...(မှန်ပါ့ဘုရား)။

သရက်သီးဟာ ရင့်လို့ပုပ်တယ်၊ ရင့်ပြီးပုပ်တဲ့ ဥစ္စာ သူများက ပုပ်ပါစေ ဆုတောင်းလို့လား၊ သူ့အထဲက ပုပ်လာတာလား ...(သူ့အထဲက ပုပ်လာတာပါ)၊ ဒီမှာလည်း ထို့အတူပဲ ဒကာဒကာမတို့ ဒီခန္ဓာကနေပြီး အို,နာ,သေ ပေါက်ပွားလာတာ ...(မှန်ပါ့)၊ ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဩော်..ဒါဖြင့် ဒကာ ဒကာမတွေ အခု ဘယ်သူနဲ့အတူတူ နေရပါလိမ့်မတုံးလို့ မေးလို့ရှိရင် အို, နာ, သေနဲ့ အတူတူနေရတယ်...(မှန်ပါ့)၊ အိုတာနဲ့လည်း (နေရပါတယ်)၊ နာမှုနဲ့ကော... (နေရပါတယ်ဘုရား)။

အိုတာနဲ့ဆိုတာက တစ်နေ့တခြား အသားအရေတွေက တွန့်လိပ်သွား၊ သွားတွေကကျဲ၊ ဆံပင်တွေက ကျွတ်၊ ဖြူတာန်က ဖြူ၊ အားအင်ဗလတွေက ချည့်နဲ့လာ ဒါတွေနဲ့အတူတူ နေရ တယ်...(မှန်ပါ့ဘုရား)။

နာတာဆိုတာကတော့ ဒကာ ဒကာမတွေ တရားကလေး ခဏကလေး နာတာတောင် ဟိုဘက်ပြောင်းလိုက်ရ ဒီဘက် ပြောင်းလိုက်ရနဲ့ ဆိုတာတွေဟာ ဘာလုပ်ကြတာတုံး ...နာလို့ ပါ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)၊ နာလို့ ပြောင်းရင်းမတ္တနဲ့လည်း သေဘက်သွားနေတာပဲ...(မှန်ပါ့)၊ သေဘက်ကို မသွားပါနဲ့ဆိုလို့ ...(မရပါဘုရား)။

## အို,နာ,သေနဲ့ အဖော်လုပ်နေရ

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ သေဘက်သွားတာက လည်း အချိန်မဆိုင်း နာလို့ပြောင်းနေရတာကလည်း မအားဘူး ...(မှန်ပါ့)၊ အိုရတာကလည်း မှန်ကြည့်တိုင်း အိုရိပ်တွေက ပေါ်လိုက်တဲ့ဖြစ်ခြင်း ဒီတော့ ဒီ ဒကာ ဒကာမတွေမှာ ဘာတွေနဲ့ များ အဖော်လုပ်နေရပါလိမ့်မတုံး ...(အို, နာ, သေနဲ့ အဖော်လုပ် နေရပါတယ်ဘုရား)။

အိုတာကလည်း ဒကာ ဒကာမတွေ မြင်တဲ့အတိုင်းပဲ တစ်နာရီထက် တစ်နာရီ ရင့်ကျက်နေတယ်၊ မရင့်ကျက်ဘူးလား ...(ရင့်ကျက်ပါတယ်)၊ နာတာကလည်း ဟိုဘက်လှည့် ဒီဘက် လှည့်ပြောင်းလိုက်ရတဲ့ဖြစ်ခြင်း၊ တော်တော်ကြာ ရေသောက်ချင် တဲ့ အနာပေါက်လို့ ရေနဲ့ကုရ...(မှန်ပါ့ဘုရား)

## ဆာနာပေါက်လို့ ထမင်းနဲ့ကုရ

ထမင်းဆာတဲ့ အနာပေါက်လို့ ထမင်းနဲ့ကုရ အေးတဲ့ အနာပေါက်လို့ အဝတ်အခြုံအရုံတွေနဲ့ ကုလိုက်ရ၊ အနာကလည်း မပြတ်ဘူး ...(မပြတ်ပါဘုရား)၊ ဦးခင်မောင် အနာကင်းရဲ့လား ...(မကင်းပါဘုရား)။

အနာမကင်းလို့ အနာကုရင်း မတ္တနဲ့လည်း ခန္ဓာကိုယ် ကြီးက သေမည့်ဘက်ကို ပြေးတာကလည်း ရပ်စဲရဲ့လား ...(မရပ် စဲပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတွေသည် ဘယ်သူနဲ့ အဖော်လုပ်နေရပါလိမ့်...(အို,နာ,သေနဲ့ အဖော်လုပ်နေရပါတယ် ဘုရား)။

အို, နာ, သေမှ တစ်ပါးလည်း ဒိပြင်ဟာက မြဲတဲ့ဟာ ခွဲမရတဲ့ဟာ မရှိဘူး၊ ဥပမာ မိတ်ဆွေသင်္ဂဟာတွေကတော့ ကျုပ် သွားဦးမယ်ဆိုရင် ဟိုနေရာက ဒီနေရာကွဲကြတယ်...(မှန်ပါ)၊

အို,နာ,သေ ကတော့လည်း ဒကာ ဒကာမတို့ ထမင်းစားတော့လည်းခွဲမရ၊ ထမင်းစားတော့လည်း အနာကုနေရတယ်၊ အဝတ်ခြုံတာကော...(အနာကုနေရတာပါ)၊ ဖြီးတာ လိမ်းတာကော...(အနာကုနေရတာပါ ဘုရား)။

ဒကာ ဒကာမတို့ ခက်ပါသကော ခွဲလို့ကို ရကြရဲ့လား...(မရပါဘုရား)၊ ကုရင်းမတ္တဖြင့် အသေ ဆိုင်းကောင်းပါရဲ့လို့ ဒီလိုလည်း မအောက်မေ့ကြပါနဲ့၊ ကုရင်းမတ္တနဲ့လည်း အသေဘက် ပြေးနေတာပဲ...(မှန်ပါ)၊ ဦးဝတို့ တားလို့ဆီးလို့ရရဲ့လား...(မရပါဘုရား)။

## လူစည္စာ၊ နတ်ခန္ဓာ လိုချင်ရင်

ဒါဖြင့် အို, နာ, သေ ဘယ်ကလာပါလိမ့်...(ခန္ဓာငါးပါးက လာပါတယ်) သြော်...ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးများ လိုချင်မှုဟာ မသိတော့ လူခန္ဓာကြီးလိုချင်၊ နတ်ခန္ဓာ ကြီးလိုချင်၊ ဗြဟ္မာခန္ဓာကြီးလိုချင်နဲ့ ဒကာ ဒကာမတွေ ဖြစ်စဉ်က ဖြင့် လူခန္ဓာဖြစ်ချင်လည်း အို, နာ, သေနဲ့ အဖော်ဖြစ်ရပါလို၏၊ နတ်ခန္ဓာဖြစ်ချင်ကော...(အို, နာ, သေနဲ့ အဖော်ဖြစ်ရပါလို၏ ဘုရား)။

ဗြဟ္မာခန္ဓာကို ရချင်ပြန်ကော...(အို၊ နာ၊ သေနဲ့ အဖော် လုပ်ရပါလို၏)။ နောက်ကျတော့ ခင်ဗျားတို့ လူဖြစ်ရပါလို၏ စသည်နဲ့ များ ဘုရားရှေ့ဖြစ်ဖြစ်၊ သက်ကြီးရွယ်ကြီးများ ကန်တော့တဲ့အခါပဲဖြစ်ဖြစ် လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ရပါလို ၏ဆိုရင် ဒီလောကတင်မဆိုနဲ့၊ လူလည်းဖြစ်ရပါလို၏၊ အို၊ နာ၊ သေနဲ့လည်း မခွဲရပါလို၏၊ ဒါကလေးပါ ဖြည့်ဖြည့်တောင်း၊ ဒါမှ ခင်ဗျားတို့ သေချာတယ်...(မှန်ပါ့) ရိပ်မိကြပလား ...(ရိပ်မိ ပါပြီဘုရား)။

## ရှုးချက်က သန်လိုက်တဲ့ဖြစ်ခြင်း

ရှုးချက်က သန်လိုက်တဲ့ဖြစ်ခြင်း ...(မှန်ပါ) ဘာသန်ပါ လိမ့်...(ရှုးချက်သန်တာပါဘုရား) ရှုးချက်သန်တယ်ဆိုတော့ ဒကာ ဒကာမတွေ ဖြစ်မှဖြစ်ရပလေ၊ ရှုးတာပဲ သန်သန်ထွားထွား မဟုတ်ဘဲ၊ သေးသေးသိမ်သိမ် ရှုးရင်လည်း တော်သေးတယ်၊ အခုဟာက သန်သန်ထွားထွား ရှုးတယ်ဆိုတော့ ဒကာ ဒကာမ တွေ အရုပ်ဆိုးတဲ့အထဲ အကျည်းတန် ပိုနေတယ်...(မှန်ပါ့) မပို ဘူးလား ...(ပိုပါတယ်ဘုရား)။

ဘယ်ဟာ အသုံးချကြမလဲ...(ဘယ်ဟာမှ အသုံးချလို့ မရပါဘုရား)၊ ဘာမှ အသုံးချစရာ မရှိဘူးဆိုတာ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကိုင်း ...ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါး ဖြစ်ရပါလို၏
ဆိုရင်ဖြင့် အို၊ နာ၊ သေနဲ့ မခွဲရပါလို၏၊ ဦးခင်မောင် ဒါပဲ ပြည့်ရ
တယ်...(မှန်ပါ့)။

## ဖျင်းလိုက်တဲ့ဖြစ်ခြင်း

ဒါဟာ ဒကာ ဒကာမတွေက ဖျင်းလိုက်တဲ့ဖြစ်ခြင်း
ပြောပါနဲ့တော့၊ ဆရာဘုန်းကြီးက တို့ကို ပြောရက်လိုက်တာ
ဆို့လည်း မထင်ကြနဲ့နော်၊ ယခုလို အို၊ နာ၊ သေနဲ့ မခွဲချင်လို့
တစ်ခါတည်း နောက် အို၊ နာ၊ သေများ လိုချင်လို့ နှုတ်ခွန်းများ
ဆက်ထားလိုက်သေးတယ်...(မှန်ပါ့)၊ မဆက်ဘူးလား ...(ဆက်
ပါတယ်ဘုရား)။

ဒီဆွမ်း၊ ဒီကွမ်း၊ ဒီပန်း၊ ဒီဖယောင်းတိုင် လှူရသော
အကျိုးကား နောက်ဘဝ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏
ကဲ့၊ ယခု အို၊ နာ၊ သေနဲ့ ခွဲပြီးလို့ နှုတ်ဆက်ထားရရင်လည်း
တော်သေးရဲ့၊ မဟုတ်ဘူး ပြတ်သွားမှာစိုးလို့...(မှန်ပါ့) ရိပ်မိပ
လား ...(ရိပ်မိပါပြီဘုရား)။

ယခု အို၊ နာ၊ သေနဲ့၊ နောက် အို၊ နာ၊သေနဲ့ ဆက်မိအောင်
ဆို့ မနည်းကြိုးစားရတယ်၊ ဖယောင်းတိုင်နဲ့ ကြိုးစားရ၊ ပန်းနဲ့
ကြိုးစားရ၊ ဆွမ်းနဲ့ကော...(ကြိုးစားရပါတယ်ဘုရား) ကျောင်း

သောက်ပြီးတော့...(ကြိုးစားရပါတယ်) ဖြစ်မှ ဖြစ်ရပလေ..
မိုက်လွန်းလှတယ်လို့ ဆိုထိုက်, မဆိုထိုက်...(ဆိုထိုက်ပါတပ
ဘုရား)။

ကိုင်း ကိုမြရွှေတို့၊ မောင်သစ်တို့ ဘယ့်နှယ်နေကြသလဲ.
(ဆိုထိုက်ပါတယ်ဘုရား) ကဲ...ဒါဟာ ရှုးချက်သန်တယ်ဆိုတ
များ ဘုန်းကြီးပြောတာက နည်းသလား၊ ကိုယ်သန်ပုံက ပိုေ
သလား ...(ကိုယ်သန်ပုံက ပိုနေပါတယ်ဘုရား)။

## ပြင်ချိန်ရှိသေးလို့ ပြောနေရတာနော်

ဒါလောက်တော့လည်း မကောင်းတော့ဘူး၊ ဒက
ဒကာမတို့ ဒါကလေး ပြင်ဖို့ဆင်ဖို့ အချိန်ကလေး ရှိသေးဝ
ပြောနေရတာနော်...(မှန်ပါ့)။

ဦးခင်မောင် အခု အို, နာ, သေဟာလည်း လက်လွတ်ဝ
အချိန်မှာ တောင်းတာလား၊ လက်မလွတ်တဲ့အချိန်မှာ တောင်းတ
လား ...(လက်မလွတ်တဲ့ အချိန်မှာ တောင်းတာပါဘုရား)။

ဟာ...ဒါဖြင့် တစ်ခါမိုက်လား၊ နှစ်ခါမိုက်လား ...(နှစ်
မိုက်ပါဘုရား) အခု အို, နာ, သေ မမြင်တာကလည်း အဝိဇ္
ဖုံးလွှမ်းလို့ တစ်ခါမိုက်၊ နောက် အို, နာ, သေကြီး ကိုယ်ပိုင်ရ
ကိုလည်း မသိတဲ့ အဝိဇ္ဇာက ဖုံးလွှမ်းလို့ တစ်ခါမိုက်ဆိုတေ

နှစ်ခါမိုက်ဖြစ်နေတယ်...(မှန်ပါ့) တစ်ခါမိုက်က တစ်ဖက်ကန်း နောက်တစ်ခါမိုက်က တစ်ဖက်ကန်းဆိုတော့ စုံလုံးကန်း ... (မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## ဒီဆရာမျိုးနဲ့ တွေ့တုန်း ပြင်ဆင်ကြ

ဒီဆရာသမားမျိုးနဲ့ ဒီဒကာ ဒကာမတွေနဲ့ ဒီလိုတွေ့တုန်းမှ ဒီလိုပြင်ဆင်မှု ဒီလိုသုံးသပ်မှုကို မပြင်ကြ မဆင်ကြတော့ဘူး ဆိုလို့ရှိရင် ခင်ဗျားတို့ဖြစ်ထွေကဖြင့် ရန်သူရှိရာကို ခင်ဗျားတို့ သည်ကား ...လို့ ဆိုရင် ဦးတည်ပြီးသကာလ ခေါင်းလျှိုပြီး အသတ်ခံသွားတာနဲ့ မထူးလှဘူး ...(မထူးပါဘုရား) ဦးခင်မောင် ထူးပါ့မလား ...(မထူးပါဘုရား)။

အဲဒီတော့ ဒီဥစ္စာသည် ဒကာ ဒကာမတို့ မိုက်လုံးသန် တယ်ဆိုတာများဟာလည်း မနာပါနဲ့တော့နော်...(မှန်ပါ့) တို့မိုက် တာက ဒီ့ထက်ကဲတယ်လို့ပဲ ခင်ဗျားတို့ကသာ ဝန်ခံယူလိုက်ပါ တော့...(မှန်ပါ့)။

ကဲ...ဒါဖြင့် အို, နာ, သေ ဘယ်ကလာသတုံး ... (ခန္ဓာ ငါးပါးက လာပါတယ်ဘုရား) ဒါဖြင့် ဒီခန္ဓာငါးပါး နောက်ထပ် လိုချင်တဲ့ ပုဂ္ဂိုလ်များဟာဖြင့် စုံလုံးကန်း မိုက်လေရဲ့ ...(မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြမလဲ...(စုံလုံးကန်း မိုက်ပါတယ်ဘုရား) ဦးဘအုန်း ဘုန်းကြီးပြောတာက နည်းတယ်နော်၊ ဦးခင်မောင်တို့ မိုက်ပုံက ဒီထက်ကြီးပါတယ်...(မှန်လှပါဘုရား) ဆိုထိုက် မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

## ခန္ဓာရရင် ဒါပါမှာပဲ

အခုလက်ရှိ ခန္ဓာကိုယ်ကြီး သူတောင်းနေတဲ့အချိန်မှာပဲ သူ့ခန္ဓာကြီး ကြည့်လိုက်ရင် အို၊ နာ၊ သေက လက်စသတ်ပလား ...(မသတ်ပါဘုရား) မသတ်သေးခင်က နောက်ခန္ဓာ ရ,ရ ပါလို၏ဆိုတော့ နောက်ထပ် ဒီခန္ဓာငါးပါးရရင် ဒါပါမှာပဲ... (မှန်လှပါ) မပါပေဘူးလား ...(ပါ,ပါတယ်ဘုရား)။

အို၊ နာ၊ သေ ခန္ဓာငါးပါးက လာပါတယ်လို့ အခုပြောထားပြီ၊ နောက်ခန္ဓာငါးပါးကို လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ ရ,ရပါလို၏ဆိုတော့ ဩော်...တပည့်တော်တို့က အို၊ နာ၊ သေ အဆက်ပြတ်မှာ သိပ်စိုးရိမ်တဲ့ ပုဂ္ဂိုလ်ထူးတွေဘုရား၊ တပည့်တော်တို့က အို၊ နာ၊ သေ ဒုက္ခကိုလည်း အခုလည်းကြိုက်တဲ့သဘော ရောက်တယ်...(မှန်ပါ့) နောက် အို၊ နာ၊ သေလည်း ရချင်တဲ့ သဘောရောက်တယ်...(မှန်ပါ့) မရောက်ဘူးလား ...(ရောက်ပါတယ်ဘုရား) မျက်စိလည်လွန်းတယ်...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်လိုပြောပါလိမ့်...(မျက်စိလည် လွန်းပါတယ်ဘုရား) မျက်စိလည်ရင်တော့ ချောက်ကျတော့မယ် ခင်ဗျားတို့...(မှန်ပါ) မျက်စိလည်လွန်းရင် ချောက်ကျတော့မယ် ဆိုတာဖြင့် ဘာမှ ငြင်းစရာမလိုတော့ပါဘူး ...(မှန်ပါ) လိုသေးရဲ့ လား ...(မလိုပါဘုရား)။

## မျက်လုံးဖွင့်ပေးနေတဲ့ ဆရာ

အဲဒါကြောင့် ဒီဘဝ မျက်လုံးဖွင့်ပေးနေတဲ့ ဆရာပဲလို့ ဆုံးဖြတ်ချက်ချကြပေတော့...(မှန်လှပါဘုရား) နို့မဟုတ်လို့ရှိရင် ဖြင့် ဒီဒကာ ဒကာမတွေဟာ ဘယ်ဘုရားပွဲ သွားပြန်သတဲ့၊ ဘာ လုပ်သွားကြသတုံး၊ အို...ဆုတောင်းပြည့်တယ်ဆိုလို့ ဘုရား အဲဒီ ဘုရားသွားလို့ရှိရင် တောင်းတဲ့ဆု ပြည့်သတဲ့၊ ဒီဘဝမှာလည်း စီးပွားရေး ဟန်ကျသတဲ့၊ နောက်ဘဝလည်း တောင်းတဲ့ဆု ပြည့် သတဲ့...(မှန်ပါ)။

ဒီဘဝ စီးပွားရေးဟန်ကျတာလည်း ဒုက္ခရောက်ဖို့ပဲ... (မှန်ပါ) စီးပွားရေးက တစ်ရာရင်းရတော့ တစ်ရာထုတ်ထားတာ ပူရတယ်...(မှန်ပါ) တစ်သိန်းနဲ့ ရင်းတော့ တစ်သိန်းထုတ်တဲ့ အတွက်က ဘယ့်နှယ်တုံး ...(ပူရပါတယ်ဘုရား)။

အိုး...အပူကြီးအောင်တော့ သွားရသေးတယ်ဘုရား၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## လူ့ခန္ဓာသေးလို့ နတ်ခန္ဓာတောင်း

အပူကြီးအောင်လို့ ...(မှန်ပါ့) ဒီခန္ဓာက သေးနေတော့ နောက်ဘဝ နတ်ခန္ဓာရတော့ သုံးဂါဝုတ်လောက်ရှိတယ်ဆို တော့ ဒကာဒကာမတွေ ဩော်...တပည့်တော်တို့ ဒီဘဝမှာတော့ သေတောင်မှ မသာက လေးတောင်လောက်ရှိတယ်၊ ဟိုမှာ သုံးဂါဝုတ်ဆိုတော့ နည်းတဲ့ခန္ဓာကိုယ်ကြီးမဟုတ်ဘူး ...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

အဲ...နတ်မသာကြီးဖြစ်အောင်လည်း သွားပြီး တောင်းရသေးတယ်ဘုရား...(မှန်ပါ့) ဒကာ ဒကာမတွေ မဆိုးဝါးဘူးလား ...(ဆိုးဝါးပါတယ်ဘုရား)။

ဘယ့်နှယ်တုံး ရူးချက်ရိုးရိုးပဲလား၊ သန်သေးလား ...(သန်ပါတယ်ဘုရား) ဖြစ်မှဖြစ်ရလေဗျာ အခုသာ ဝန်ခံကြတာ ဖြစ်စဉ်က ဒိထက်ဆိုးသေးတယ်...(မှန်ပါ့) ဦးခင်မောင် ဆိုး,မဆိုး ...(ဆိုးပါတယ်ဘုရား)။

ဘယ့်နှယ် အကြိမ်ကြိမ်တောင် ပါလိုက်သေးတာ... (မှန်ပါ့) အကြိမ်ကြိမ်တောင်ဆိုတော့ ဘယ့်နှယ်တုံး၊ ဆိုးမကုန်

းသေးဘူးလား ...(ဆိုးပါတယ်ဘုရား)။

## ခက်နဲ့ဖြတ်ရမယ်

ဒီအကြိမ်ကြိမ်တွေကို ဘာနဲ့ဖြတ်ကြမယ် ခင်ဗျားတို့ ... မဂ်နဲ့ဖြတ်ရပါမယ်) မဂ်နဲ့ဖြတ်ရမှာပဲ ဦးဝ...(မှန်ပါ့) ခန္ဓာငါးပါး ့တော့ ဖြတ်လို့မရဘူး၊ ခန္ဓာငါးပါးက အကြိမ်ကြိမ် လာနေမှာ ်၊ သူ့ဟာက မဂ်နဲ့ကို ဖြတ်မှရမယ်...(မှန်ပါ့) ဒီမဂ်ပဲ ကယ်မည့် သူမည့်သူ ရှိတော့တယ် ဒကာ ဒကာမတို့၊ တခြား ဘာရှိသေး သတုံး ....(ဘာမှမရှိပါဘုရား)။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ အို, နာ, သေ ဘယ်က လာသတုံး ...(ခန္ဓာငါးပါးက လာပါတယ်) ဒါဖြင့် ဒီဘဝက ့တောမနေ သေလွန်ခဲ့လို့ရှိရင်ဖြင့် ဘယ်ခန္ဓာများ ရချင်ကြပါလိမ့် ..(ဘယ်ခန္ဓာမှ မရချင်ပါဘုရား)။

ဟာ...ဦးဝ ဒီတစ်ခါတော့ တော်တော် ချောချောမောမော ရှိသွားပြီ၊ ဘယ်ခန္ဓာမှ မရချင်ဘူးဆိုတာ နေရာကျသွားပြီ...(မှန် ပါ့) ဘယ်ခန္ဓာမှ မရချင်ဘူးဆိုတဲ့ ဥစ္စာက သစ္စာဉာဏ်နဲ့ ဖြေလိုက် တာ၊ အို, နာ, သေ ဒုက္ခသစ္စာကို ...(မှန်ပါ့)။

ဇရာပိ ဒုက္ခာ, ဗျာဓိပိ ဒုက္ခော, မရဏမ္ပိ ဒုက္ခံရဲ့ အဓိပ္ပာယ် ကို သိနားလည်သွားတဲ့ ပုဂ္ဂိုလ်မို့ ဘယ်ဟာမှ မရချင်ဘူး ဖွင့်ပြော

လာတာ…(မှန်ပါ့)။

## သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်

သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ဒီဘဝ တဲကုပ်နဲ့နေ
တယ် နောက်ဘဝ တိုက်ကြီးနဲ့နေရပါလို၏…ဆိုတော့ ခန္ဓာပါဦ
မယ်…(မှန်ပါ့) မပါပေဘူးလား …(ပါ,ပါတယ်ဘုရား)။

အဲဒီတော့ သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကဖြင့် ဒကာ
ဒကာမတို့ အို, နာ, သေနဲ့ အဖော်လုပ်ရတာ ခွဲရမှာကိုပဲ သူ့မှ
ကိုယ်ကျိုးနည်းပေါ့ အောက်မေ့တယ်…(မှန်ပါ့) ဖြစ်မှဖြစ်
ပလေ… ဒါကြောင့် ကြည့်ပါလား …တချို့အဘွားကြီးတွေ
အဘိုးကြီးတွေ ဆုတောင်းကြတာ အိုအောင်, မင်းအောင် ပေါင်း
ပါလို၏တဲ့၊ အို, နာ, သေနဲ့ ခွဲရမှာစိုးလို့…(မှန်ပါ့)။

## အိုအောင်, မင်းအောင် ပေါင်းရပါလို၏

အိုအောင်,မင်းအောင် ပေါင်းရပါလို၏ဆိုတော့ ဘာ
ခွဲရမှာစိုးလို့ပါလိမ့်…(အို, နာ, သေနဲ့ ခွဲရမှာ စိုးလို့ပါဘုရား)
မရိပ်မိဘဲကိုး …ခွကျလိုက်တာ အအိုကို တောင်းယူတာဗျ…
(မှန်ပါ့) ရိပ်မိပလား …(ရိပ်မိပါပြီဘုရား)။

ဦးခင်မောင်တို့ ဘယ်လိုများ စိတ်ထားရှိသတုံးမပြော တတ်ပါဘူး၊ လူကြီးတွေ စကားလို့ဆိုပြီး လူကြီးတွေသာ လွဲချ လိုက်တတ်ကြတယ်...(မှန်ပါ့) ရိပ်မိပလား ဒကာ ဒကာမတို့ ... (ရိပ်မိပါပြီဘုရား)။

လူကြီးတွေက သူတို့က သစ္စာမသိလို့ မှားတော့ ကိုယ်လည်း မှားလိုက်ဦးမယ်ဆိုတော့ ဒကာ ဒကာမတို့ လူကြီး မှားတဲ့အထဲမှာ ကိုယ့်အမှား ဝင်သွားတဲ့ အဓိပ္ပာယ်မရောက်ဘူး လား, ရောက်သလား ...(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ထူလွန်းတယ်လို့ ဆိုထိုက်တယ် ...(မှန်ပါ့) ဘယ်လိုစွဲချက်တင်လိုက်သလဲ...(ထူလွန်းတယ်လို့ တင်ပါတယ်) ထူလွန်းတယ် အိုအောင်မင်းအောင် ပေါင်းရပါလို ၏ဆိုတာ စဉ်းစားကြည့်ကြစမ်းပါ ဒကာ ဒကာမတို့...ဒီအထဲမှာ အိုတာ ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါ ဘုရား)။

## ဒုက္ခရှည်ရပါလို၏

ဒုက္ခသစ္စာပဲဆိုတော့ ဩော်...ဒုက္ခသစ္စာကြီးနဲ့ အသက် ရှည်ရပါလို၏...(မှန်ပါ့) တိုတိုပြောတော့ ဒုက္ခရှည်ရပါလို၏... (မှန်ပါ့)။

ဘယ်လိုများ တောင်းကြသတုံး ...(ဒုက္ခရှည်ရပါလို၏ ပါဘုရား) အေး ပြည့်စေ, ပြည့်စေပေါ့ လူကြီးတွေကလဲ၊ ဆုခံယူတဲ့ လူကလည်း ပြည့်ပါရစေ, ပေးတဲ့ဆုအတိုင်း၊ ဆုခံတဲ့ ပုဂ္ဂိုလ်ကလည်း အရသာရှိလိုက်တာ...(မှန်ပါ့) ဒီလိုဖြစ်နေကြတာ၊ သစ္စာမသိကြဘဲကိုး ...(မှန်လှပါ)။

အဲဒါ ခင်ဗျားတို့ လူကြီးနဲ့ ခင်ဗျားတို့ မင်္ဂလာအခမ်းအနားနဲ့တော့ သွားပါပြီ...(မှန်ပါ့) မသွားပေဘူးလား ...(သွားပါတယ်ဘုရား)။

သွားပြီ...သွားပြီ...ကယ်လို့ ဆယ်လို့မရတဲ့ အခြေအနေရောက်သွားပြီ၊ မရောက်ဘူးလား ...(ရောက်ပါတယ်ဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဒီဆုမျိုးတွေကို ခင်ဗျားတို့ကလည်း လက်ခံပြီးကြပလား ...ပေးတဲ့လူကလည်း ပေးပြီးကြပလားမေးရင် ဘယ့်နှယ်ပြောကြမလဲ...(ပေးပြီး လက်ခံပြီးပါပြီဘုရား) ပေးပြီး လက်ခံပြီးကြရင်တော့ မပြည့်မှာ မစိုးရိမ်နဲ့တော့၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## ဒီတိုင်းပြည် ဘာဖြစ်နေပါလိမ့်မတုံး

ဒါက ခင်ဗျားတို့ ဘုရားကပေးတာလား၊ ကိုယ့်ဟာကိုယ် လက်ခံယူတာလား ...(ကိုယ့်ဟာကိုယ် လက်ခံယူတာပါဘုရား) ပေးတဲ့လူကလည်း သိပေးလား, မသိပေးလား...(မသိပေးပါဘုရား) ယူတဲ့လူကလည်း သိယူလား, မသိယူလား ...(မသိယူပါဘုရား)။

ဩော်...ခက်လိုက်တဲ့ဖြစ်ခြင်း ဒီတိုင်းပြည် ဘာဖြစ်နေပါလိမ့်မတုံး, ဒါပဲ တွေးစရာရှိတာပဲ...(မှန်ပါ့) မသိတဲ့သူက ပြောချင်တာပြော မလိမ္မာတဲ့လူက အကုန်ကြိုက်ကိုးဗျ...(မှန်ပါ့) မသိတဲ့လူက ပေးတဲ့ဆုကို မလိမ္မာတဲ့လူက ဘယ့်နှယ်ဖြစ်နေသလဲ...(အကုန်ကြိုက်ပါတယ်ဘုရား) မလွန်လွန်းဘူးလား ...(လွန်လွန်းပါတယ်ဘုရား) သေသေချာချာ တွေးကြည့်မှ ပေါ်တယ်နော်...(မှန်ပါ့ဘုရား)။

## သစ္စာမသိဘဲ ပေးလိုက်တာ

ဒါဖြင့် မသိတဲ့လူက ပေးလိုက်တာလည်း သစ္စာမသိဘဲနဲ့ ပေးလိုက်တာ...(မှန်ပါ့) ခံယူတဲ့ပုဂ္ဂိုလ်ကလည်း သစ္စာမသိဘဲနဲ့ ခံယူလိုက်တော့ကို သစ္စာမသိရင် ဒုက္ခေအညာဏံပဲ...(မှန်ပါ့) ဒုက္ခေ=ဒုက္ခသစ္စာ၌၊ အညာဏံ=မသိခြင်း (ဝါ) မသိတဲ့ပုဂ္ဂိုလ်မို့

ယူလိုက်တာပဲ...(မှန်ပါ့ဘုရား)။

ပေးတဲ့ပုဂ္ဂိုလ်ကလည်း ဒုက္ခေအညာဏ်ထဲ ဝင်သွားတာပဲ ဒုက္ခသစ္စာမှန်းမသိလို့ ပေးချလိုက်တာ...(မှန်ပါ့) ယူတဲ့ပုဂ္ဂိုလ်က လည်း ...(ဒုက္ခေအညာဏ်ပါပဲ) ဒုက္ခေအညာဏ်နဲ့ ယူလိုက်တယ် ဒုက္ခသစ္စာ၌ မသိခြင်းကြောင့် ယူလိုက်တာ...(မှန်ပါ့ဘုရား)။

**စုံလုံးကန်းချည့်ပဲ**

ဒါဖြင့် ပေးတဲ့ပုဂ္ဂိုလ်ကလည်း သစ္စာမသိ၊ ယူတဲ့ပုဂ္ဂိုလ် ကလည်း ...(သစ္စာမသိပါဘုရား) ပေးတဲ့ပုဂ္ဂိုလ်ကလည်း စုံလုံး ကန်း၊ ယူတဲ့သူကလည်း ...(စုံလုံးကန်းပါဘုရား) လမ်းသွားလို့ မှ ဖြစ်ကြပါ့မလား ...(ဖြစ်နိုင်စရာ မရှိပါဘုရား) မဖြစ်ဘူး စုံလုံး ကန်းချည်းပဲ...(မှန်ပါ့ဘုရား)။

ကိုင်း ...ဘုရားကသာ မဖော်ဘူးဆိုလို့ရှိရင် ဆရာသမား တွေကသာ ဘုရားဟောအတိုင်း မဖော်ဘူးဆိုလို့ရှိရင် ခင်ဗျားတို့ ခက်ပြီ...(မှန်ပါ့) ကိုယ်ကိုယ်တိုင် အခု အခက်တွေကို ပေးတဲ့လူ ကလည်း ပေးထားပြီ၊ ယူတဲ့လူကလည်း ထင်းပုံခေါင်းချက် တစ်ခါတည်း အသေပါ ထည့်ယူထားတယ်...(မှန်ပါ့) ထင်းပုံ ခေါင်းချများ ပါသေးသလား ...(ပါပါတယ်ဘုရား) အသေပါ ထည့်ထားတယ်၊ အတော်ဆိုးနေပါပေါ့လား ...(မှန်ပါ)။

ကိုမြရွှေ ဒီလိုများ အစက ရည်ရွယ်ချက်ပါကြသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(အစကပါ,ပါတယ်) အစက ပါတယ်၊ အလယ်လည်းပါတယ်၊ အဆုံးမှာလည်း ပါမှာပဲ... (မှန်ပါ့) ဆရာနဲ့သာမတွေ့ရင် ဒီဟာအကုန်ပါမှာပဲ...(မှန်ပါ့)။

## မကောင်းအစဉ် ပြင်ခဏ

ကိုင်း ...မကောင်းအစဉ် ပြင်ခဏနဲ့ ဦးခင်မောင် လုပ်ကြစို့လားဗျာ...(မှန်ပါ့ဘုရား) မကောင်းအစဉ် ပြင်ခဏလုပ်ကြဦးမှ ဒကာ ဒကာမတို့...(မှန်ပါ့) အရှုးကလေးမွေးလာပြီး အရှုးနေနေပြီး အရှုးသေ သေဆိုကတည်းက ဒီမသာတော့ ကျက်သရေမရှိတော့ဘူး ...(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ကျက်သရေမရှိသတုံး ခတ်တော်မှ မကျသေးဘဲကိုး၊ ခတ်တော်မကျသေးဘူးဆိုကတည်းက အပုပ်ကောင်ဖြစ်ရတော့မယ်၊ ရှက်စရာမကောင်းဘူးလား ...(ကောင်းပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး၊ မွေးတုန်းကလည်း အရှုး၊ နေတော့လည်းအရှုးနေ သေတော့လည်း ...(အရှုးသေပါဘုရား) အရှုးသေ သေရတယ်ဆိုတော့ ဒကာ ဒကာမတို့ ဒါဟာ အဝိဇ္ဇာတည်းဟူသော ဥမ္မတ္တကဖြစ်နေတယ်၊ မောဟဥမ္မတ္တက ဖြစ်နေတယ်...

နိုပ်) မောဟက အဝိဇ္ဇာ၊ ဥမ္မတ္တက က=အရူး မောဟမ္မတ္တက အဖြစ်နဲ့ သေသွားတာပဲ...(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဒီဥစ္စာ နှိမ့်ချပြောတာ မဟုတ်ဘူးနော်၊ ခင်ဗျားတို့ကိုယ်တိုင် တွေ့ခဲ့ပါတယ်၊ ဒီဥစ္စာပေးတဲ့ ပုဂ္ဂိုလ်က လည်း ခင်ဗျားတို့ရှေ့တွင် ပေးတာပဲ...(မှန်ပါ့) ယူတဲ့ ပုဂ္ဂိုလ်က လည်း ပြုံးမျှားယူလိုက်သေးတယ်...(မှန်ပါ့ဘုရား)။

## အို့,နာ,သေ ပြုံးပြီးယူလိုက်တယ်

ဟိုက အို, နာ, သေကြီး ပေးချလိုက်တာကို ဘယ့်နှယ်တဲ့ ...(ပြုံးပြီး ယူလိုက်ပါတယ်ဘုရား) ဖြစ်မှ ဖြစ်ရလေဗျာ ဒကာ ဒကာမတို့ သဘောပါပလား ...(ပါ,ပါပြီဘုရား)။

ဩော်...ဘုန်းကြီးက ဖြစ်စဉ်တွေ အကုန်ပြောနေတာပဲ၊ တို့ကလည်း မိုက်မှန်းသိကြပလား ...(သိပါပြီ ဘုရား) ဟုတ်ကြ ရဲ့လား လေပျော့နေကြတယ်၊ ခင်ဗျားတို့ တို့ ဒါလောက်မမိုက် သေးဘူးများ ထင်နေကြသေးသလား၊ ခင်ဗျားတို့ သေသေချာချာ မိုက်ခဲ့ကြတာ သန်နေပြီ၊ မသန်ဘူးလား ...(သန်ပါတယ်) ထင်းပုံ ခေါင်းချ ပါကြရဲ့လား ...(ပါ,ပါတယ်ဘုရား) ဒါဟာ အသေပါ ထည့်တောင်းတာ...(မှန်ပါ့ဘုရား)။

## အသေပါ ထည့်တောင်းထားတယ်

ဦးခင်မောင် ဒီအဓိပ္ပာယ် ပါရဲ့လား ...(ပါ,ပါတယ်) အသေပါ ထည့်တောင်းထားတယ်မဟုတ်လား ...(မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေ ဒကာ ဒကာမတို့ ဒါဟာ လာဘ်ကြီးလားဗျ၊ အင်မတန် ကျက်သရေမင်္ဂလာ မဲ့တာလား ...(ကျက်သရေမင်္ဂလာ မဲ့တာပါ ဘုရား)။

အဲဒါကို ထင်းပုံခေါင်းချဆိုတော့ သေသည့်တိုင်အောင် အသုဘဖြစ်သည့်တိုင်အောင် ထည့်ပေးတာတောင် ဖြစ်ရပါလို၏ ဆိုတော့ သွားရောပေါ့ဗျာ...(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဒါဟာ ခင်ဗျားတို့ မျက်စိလည်နေလို့ ဒါလောက် တာရှည်ပြီး ပြောနေတယ်လို့ အောက်မေ့ပါ...(မှန်ပါ့ ဘုရား) မျက်စိမလည်ဘူးလား ...(လည်ပါတယ်ဘုရား) အခု ဒဏ်ရာပျောက်ပလားလို့ မေးရင်...(မပျောက်သေးပါဘုရား) ခက်သေးဗျာ၊ ဒါဖြင့် အခုတောင်မှ ဒဏ်ရာမပျောက်သေးဘူး ဆိုရင် ခက်သေးတယ်...(မှန်ပါ့ဘုရား)။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ အို,နာ, သေဘယ်ကလာသတုံး ...(ခန္ဓာက လာပါတယ်) ပေါ်ပြီ ပေါ်ပြီ ခင်ဗျားတို့ ဘယ်ခန္ဓာကို လိုချင်, လိုချင် အို, နာ,သေ ရမှာပဲ...

(မှန်ပါ့ဘုရား)။

## လူအိုဖြစ်လို့ လူရာမသွင်းတော့

ဘယ်ခန္ဓာ လိုချင်,လိုချင်...(အို, နာ, သေရမှာပါ ဘုရား) ဒါဖြင့် ခန္ဓာငါးပါး မရရင် ဒကာ ဒကာမတို့ အို, နာ, သေ ပါပါ့ မလား ...(မပါ,ပါဘုရား) အခု တော်တော်ကြာကျ လာတော့ တောင်းထားတဲ့ ဆုကလည်း ထင်းပုံခေါင်းချ ရိုးမြေကျ အစရှိ သည်နဲ့ အို, နာ, သေတွေပါ ထည့်တောင်းထားတယ်၊အိုလာပြန် တော့လည်း ဦးဘအုန်းတို့ လူစုက ဒီလိုများ ဖြစ်လိမ့်မယ် မထင် ဘူးတဲ့...(မှန်ပါ့) ဒီလိုဖြစ်နေတာ ဒီလိုဖြစ်လိမ့်မယ် မထင်ဘူး လုပ်နေတယ်...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

ဒီလိုဖြစ်တာတောင် မကသေးဘူး၊ ဟိုလိုဖြစ်စရာတွေ တစ်ပုံကြီး ကျန်သေးတယ်...(မှန်လှပါဘုရား) အရပ်က ဟိုကနေ ပြီး မုန်းလို့ မောင်းထုတ်၊ ဒီကဖြင့်လည်း မောင်းထုတ်၊ ဘယ်ကမှ ဖိတ်စာမလာဘူး၊ လူရာမသွင်းကြတော့ဘူး၊ အရွယ်ကလည်း ကြီးပြီကွာ...လူထဲလည်း မဝင်ဘူးဆိုတဲ့ အိုသွားလို့ အရပ်ကနေ ပြီး လူရာ သူရာမသွင်း သပိတ်မှောက်မှာတွေကလည်း ပါသေး တယ်...(ပါ,ပါတယ် ဘုရား)။

ခင်ဗျားတို့က ခန္ဓာဖြစ်ရပါလို၏ဆိုတော့ ဒါတွေပါ လိုက်လာမှာကို မသိတဲ့အတွက် ခင်ဗျားတို့ ရူးချက် သန်လွန်းတယ်ဆိုတာ မလွဲပါဘူး ...(မလွဲပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

## ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး

ကောင်းပြီ...ဒါဖြင့် ခင်ဗျားတို့ ပါးစေချင်လို့ ဝတ္ထုကလေးတစ်ခုတော့ ထုတ်ပေးပါဦးမယ် ဦးခင်မောင်...(မှန်ပါ့) ဝတ္ထုတိုကလေးတစ်ခုဟာ အင်မတန် မှတ်သားစရာ ကောင်းတယ် ဒကာဒကာမတို့၊ ရှင်သာရိပုတ္တရာ၏ အငယ်ဆုံးသော ညီကလေးဆိုတာ ရှိတယ်၊ သူ့နာမည်က ရေဝတ...တဲ့၊ ရှင်သာရိပုတ္တရာ၏ညီအငယ်ဆုံးနော်...(မှန်ပါ့)။

ဒီပြင် နမတွေကတော့ ဘုရားသာသနာတွင်း ဝင်လို့ရဟန္တာထေရီမကြီးတွေ, ဘာတွေဖြစ်ကုန်တော့ သူ့အမေကသာရိပုဏ္ဏေးမကြီး, ဒီကောင်ကလေးတော့ ငယ်ငယ်ကပဲ အိမ်ထောင်ချမှပဲ၊ ကြာရင် သူ့အစ်မတွေ, အစ်ကိုတွေလို ဂေါတမဘုရား သာသနာတွင်း ဝင်သွားရင် ခက်ချေရဲ့လို့ တွေးမိတယ်၊ မယ်တော်ကြီးက ဒီအချိန်မှာ မိစ္ဆာဒိဋ္ဌိပဲရှိသေးတယ်၊ သိဋ္ဌည်းဂိုဏ်း ဘာသာဝင်ဖြစ်နေတယ်...(မှန်ပါ့)။ ဆွေစဉ်မျိုးဆက် ပြတ်သွားမှာလည်း သိပ်စိုးရိမ်တယ်...(မှန်ပါ့)။

## အိုအောင်မင်းအောင် ပေါင်းကြပါစေသား

အဲဒီတော့ ဒီသူငယ်ကို အိမ်ထောင်ချဖို့ တန်းတူ သူဌေး ချင်းရဲ့ သမီးတစ်ဦးနဲ့ သွားပြီးစပ်ကြတော့ ဟိုက လက်ခံလိုက် တာပေါ့၊ ဒါနဲ့ သူငယ်ကို ရွှေဝေါနဲ့ထမ်းပြီးသကာလ သတို့သမီးရှိတဲ့ ဆီကိုပို့ပြီး မင်္ဂလာဆောင်နှင်းကြတာပေါ့...(မှန်ပါ့)။

မိဘတွေကတော့ ဘေးကဝိုင်းနေပြီး ဆုပေးကြရတယ် ဦးခင်မောင်...(မှန်ပါ့) မင်းတို့ အကြင်လင်မယား အိုအောင်မင်း အောင် ပေါင်းကြစေသား ...စသည်နဲ့ ဆုပေးကြတာပေါ့ မင်္ဂလာ ထုံးစံအတိုင်း ...(မှန်ပါ့)။

## အိုတဲ့လမ်းဆိုရင် ငါမလိုက်ဘူးတဲ့

သတို့သားနဲ့ သတို့သမီး ရွှေခွက်ထဲလက်ချတယ်၊ သူက စဉ်းစားတယ်၊ သူတို့ပေးတဲ့ဆုအကြောင်း ရှင်းပါဦးဆိုတော့ မင်းတို့ အကြင်လင်မယား ဟောဒီ အဘိုးအဘွားတွေလို အိုအောင်မင်းအောင် ပေါင်းကြစေသား ...ဒီလိုဆုပေးတာဆိုတော့ ဩော်...ဒီလမ်းက အိုတဲ့လမ်းပါကလား၊ ဒီလမ်းဆိုရင် ငါမလိုက် ဘူးတဲ့၊ ခင်ဗျားတို့ကတော့ ဒီလိုဆုများပေးရင် ပြုံးများနေလိုက် သေးတယ်...(မှန်ပါ့)၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ရေဝတမှာ အသက်ငယ်ငယ်ကလေး ရှိသေးတယ်၊ မပါး နပ်ဘူးလား ဒကာ ဒကာမတို့ ...(ပါးပါတယ်ဘုရား) ခင်ဗျားတို့ လည်း ၁၅ နှစ်၊ ၁၆ နှစ် စသည် အိမ်ထောင်ကျတယ်၊ ဒီလိုပဲ ရေခွက်ထဲ လက်ချပြီးသကာလ ဆုတွေဘာတွေပေးကြရင် ပြုံး ကြမှာပဲရှိတယ်...(မှန်ပါ့) ရေဝတမေးပုံ ဘယ်လောက် အဖိုးတန် သတုံး ...(တန်ပါတယ်ဘုရား)။

## ဒီလမ်းဆိုရင် ငါလိုက်လို့မတော်ဘူး

ခင်ဗျားတို့ပေးတဲ့ဆု ရှင်းပါဦး၊ ဒီတော့ လူကြီးတွေက ရှင်းပေးရတယ်...(မှန်ပါ့) ရှင်းလိုက်တော့ ဟောဒီ အဘိုးအဘွား တွေလို မင်းတို့ အိုအောင်မင်းအောင် ပေါင်းကြစေသားဆိုတာ မင်းတို့ တာရှည်နေဖို့ပြောတာ...(မှန်ပါ့)။

တာရှည်နေတာ အသာထား၊ ဒီအဘိုး အဘွားကြီးတွေ ကြည့်ရတာက အိုနေပြီ၊ နောက်မကြာမီ လဲကြတော့မှာပဲ၊ အဲဒီ တော့ ဒီလမ်းဆိုလို့ရှိရင် ငါလိုက်လို့မတော်ဘူးတဲ့...(မှန်ပါ့)။

မင်္ဂလာဆု ပေးတယ်ဆိုပေမယ့် စင်စစ်တော့ မင်္ဂလာဆု ကို မဟုတ်ဘူး၊ အခုဟာက အိုအောင် မင်းအောင် ပေါင်းကြစေ သား ...ဆိုတော့ သူမကြိုက်နိုင်ဘူး ...(မှန်ပါ့) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

## ရေဝတသည် လိမ္မာလှချည့်လား

ရေဝတ သတို့သားဟာ ဆုကို ဘယ်လိုတုံး ...(မကြိုက်ပါဘုရား) ဒီသူငယ်ဟာ လိမ္မာလှချည့်လား ...(လိမ္မာပါတယ်) ဒီဒကာ ဒကာမတွေ ဘာဖြစ်နေကြသတုံး ...(မိုက်ပါတယ်ဘုရား)။

အိုအောင်, မင်းအောင် ပေါင်းကြစေသား ...ဆိုတဲ့အတိုင်း အခု ဘယ့်နှယ်နေကြသတုံး ...(အိုအောင်,မင်းအောင် ပေါင်းရပါတယ်ဘုရား) အိုအောင်, မင်းအောင် ပေါင်းနေရတော့ ဒကာဒကာမတွေ တစ်ယောက်နဲ့တစ်ယောက် ကြည့်လို့ရှုလို့ကောဖြစ်သေးရဲ့လား ...(မဖြစ်ပါဘုရား)။

တစ်ယောက်ကလည်း မျက်လုံးမွဲမွဲဟုတ်လား ...(မှန်ပါ့ဘုရား) တစ်ယောက်ကလည်း ရေအိုးမှ မသယ်နိုင် တွေ့ကြတာပေါ့ပဲ၊ မတွေ့ဘူးလား ...(တွေ့ပါတယ်ဘုရား) အကောင်းပါရဲ့လား ...(မပါပါဘုရား) ကြောက်စရာကြီးပဲ၊ အဲဒါ ဆုဟာ အကုန်မပြည့်သေးဘူးနော်...(မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ့်နှယ်ပြောသတုံး ဘုန်းကြီးက... (ဆုအကုန် မပြည့်သေးပါဘုရား) အကုန်မပြည့်သေးဘူးဗျ၊ တစ်ယောက် ကျင်ကြီးကို တစ်ယောက် ကျုံးရမည့်ကိစ္စက

ပါသေးတယ်၊ ဘယ်သူမှ အနားကိုလည်း မကပ်ဘူး၊ မြေးတွေ, သားတွေကလည်း အနားလာမှာမဟုတ်ဘူး၊ ဒီလိုမဟုတ်ဘူးလား ...(ဟုတ်ပါတယ်ဘုရား) အဲဒါ ပေးတဲ့ဆုကို ပြုံးပြီးယူထားတဲ့ သတ္တိဟာ အခု အကုန်အကျိုးပေးတော့မယ်...(မှန်ပါ့) ဦးဝ, ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

**ရေဝတလို့ မပါးကြဘူး**

ကဲ...ဒကာ ဒကာမတို့ ဘာကြောင့်တုံးဆိုတော့ ဒီကလေးလောက် မပါးလို့ဆိုတဲ့ အဓိပ္ပာယ် ဘယ့်နှယ်ဆိုကြမလဲ... (ရောက်ပါတယ် ဘုရား)။

ရေဝတ ကလေးဟာ အသက်ငယ်ငယ်ကလေးပဲ၊ သူ့အမေက ရှင်သာရိပုတ္တရာတို့လို ဘုရားနောက် လိုက်သွားရင် အိမ်မှာ အမွေခံပြတ်မှာစိုးလို့ အသက်ငယ်ငယ်ကလေးနဲ့ လက်ထပ်ပြီး လက်ထပ်တဲ့နေရာမှာ ပေးတဲ့ဆုကို သဘောမကျဘူး ...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ပေးတဲ့ဆု ရှင်းပါဦးဆိုတော့ အိုအောင်,မင်းအောင် ပေါင်းကြပါစေသားဆိုတော့ အို...မင်္ဂလာဆောင်တဲ့လမ်းက ဒီသွားမှာပါကလား ...အ,မင်္ဂလာကို သွားမယ်ဆိုတာကို သူက ရိပ်မိတယ်...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

## သပြေပန်းကိုင်ပြီး ဆုပေးရင် ဟုတ်နေတယ်

ခင်ဗျားတို့ကတော့ သပြေပန်းကလေးကိုင်ပြီး ဆုပေးလို့ရှိရင် ဟုတ်နေကော့တာပဲ...(မှန်ပါ)။

ကဲ...ဒီသူငယ်ကလေးဟာ ဒကာ ဒကာမတို့ အလွန်ပညာရှိတယ်လို့ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား) ကျုပ်တို့သည်ကား ...လို့ဆိုရင် အလွန်ထူပိန်းတယ်ဆိုတဲ့ အဓိပ္ပာယ် မရောက်ဘူးလား, ရောက်သလား ...(ရောက်ပါတယ်ဘုရား)။

ထူပြိန်းလို့ အခု အပြစ်တွေ့ကြပလားလို့ မေးလို့ရှိရင်...(တွေ့ပါပြီဘုရား)။

## ဒီထက်ကြီးတဲ့ ဒုက္ခလာလိမ့်မယ်

သားမနိုင် သမီးမနိုင် စီးပွားရှာရတာက ခက်၊ ရှေ့ဘာများ ဖြစ်ဦးမှာတုံး၊ အို...ဒီထက်ကြီးတဲ့ဒုက္ခ လာလိမ့်မယ်...(မှန်ပါဘုရား)။

ရှေ့ဘာများဖြစ်ဦးမှာတုံး ...(ဒီထက်ကြီးတဲ့ဒုက္ခ လာဦးမှာပါဘုရား) ဒါ ဆုံးပလားလို့ မေးရင် အို...မပြည့်သေးဘူး၊ မိစဉ် ဖစဉ် ပေးထားတဲ့ဆု...(မှန်ပါ) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကလည်း ပယ်ထားသလား၊ ပြုံးယူထားသလား ...(ပြုံးယူထားပါတယ်) ဒါဖြင့် ပြည့်ပါလိမ့်ဦးမယ် စိတ်သာချ၊ အတော်ဆိုးနေပြီ ဒကာ ဒကာမတို့...(မှန်ပါ့)။

ဒါ အခုကစပြီး သတိထားပါ...(မှန်ပါ့) လွန်တဲ့ ပုဂ္ဂိုလ်ပြောဖို့မလိုပါဘူး၊ လွန်တဲ့ပုဂ္ဂိုလ်ကလည်း အရှုံးကို လွန်နေပြီ... (မှန်ပါ့)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီသူငယ်ကလေးဟာ တော်တော်လိမ္မာတယ်ဆိုတာကော ရိပ်မိကြပလား ...(ရိပ်မိပါပြီ ဘုရား)။

ဦးခင်မောင် ဒီသူငယ်ဟာ အသက်ဘယ်လောက်ရှိပြီလဲ ... (ငယ်ငယ်ကလေးပါဘုရား) ဦး၀ အသက်ဘယ်လောက် ရှိပြီလဲ... (၇၂,နှစ်ပါဘုရား) သွားပြီ၊ ဒါဖြင့် အကော်ဆိုးနေတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြင့် ဒကာ ဒကာမတို့ ရှင်းကြလင်းကြပလား ...(ရှင်းပါပြီဘုရား)။

## ဒီလိုဆုမျိုး သဘောမကျ

အဲဒီအချိန်က စပြီးတော့ ဒီသူငယ်ကလေး စိတ်ထဲမှာ ဒီကလေးမလေးနဲ့ ပေါင်းမှာသင်းမှာ ဝေးလို့ ဘယ်နေရာ ခွဲရပါ့မလဲဆိုတာ ချက်ချင်း အကြံပေါ်နေတယ်...(မှန်ပါ့)၊ မင်္ဂလာ

ဆောင်မှာ ဆုတွေဘာတွေ ပေးတာကို လုံးဝသဘောမကျ မနှစ်သက်ဘူး ...(မှန်ပါ့)။

ဒါနဲ့ သတို့သမီးကို ဆောင်ယူလာပြီး ယာဉ်တွေ ဘာတွေစီးပြီး ပြန်လာတော့ လမ်းကျတော့ ရေဝတ သတို့သားကလေးဟာ ဘေးကလူတွေကို အယုံသွင်းပြီး တပိုတပါး သွားချင်တယ်ဆိုပြီး ခေတ္တဆင်းပြီး ချန်နေရစ်လိုက်၊ နောက်ပြီး ပြန်လာလိုက်နဲ့လုပ်နေတယ်။

## ကျောင်းရှိရာကို ပြေးတယ်

ဘေးကလူတွေက တကယ်ပင် တပိုတပါးသွားတယ်ထင်နေကြတာ နောက်တစ်ကြိမ် တစ်ပိုတစ်ပါးသွားချင်ဟန်ဖြင့်ဆင်းနေရစ်ခဲ့တော့ ပြန်ကိုမလာတော့ဘူး၊ ပရိသတ်တွေလည်းတော်တော်ဝေးရာ ရဟန်းတော်များကျောင်းရှိရာသို့ တစ်ခါတည်းပြေးတော့တာပဲ။

ဟိုမှာတော့ သတိုးသမီးနဲ့ ပရိသတ်တွေသာ ကျန်နေရစ်ခဲ့တော့တယ်၊ ရေဝတကတော့ ကျောင်းသွားပြီး သာသနာ့ဘောင်ဝင်သွားတယ်၊ ရိပ်မိပလား ဒကာ ဒကာမတို့...(ရိပ်မိပါပြီဘုရား)။

## ရှင်သာရိပုတ္တရာက မှာထားတယ်

ရှင်သာရိပုတ္တရာကလည်း ရဟန်းတွေကို မှာထားတယ်၊ သူ့မယ်တော်ကြီးက မိစ္ဆာဒိဋ္ဌိ...တဲ့၊ ဒီတော့ အမေခွင့်ပြုချက်ရမှ သင်္ကန်းဝတ်ပေးစရာ မလိုဘူး ...တဲ့၊ သူဟာ အစ်ကိုအကြီးဆုံး သူခွင့်ပြုရင် ပြီးတာပါပဲ၊ ဒါကြောင့် သူ့နာမည်ကို မေးပြီး လာတဲ့ ရေဝတဆိုတဲ့ သူငယ်များ လာခဲ့ရင်ဟော့တဲ့ ကျောင်းရှိ သံဃာတော်များက သင်္ကန်းဝတ်ပေးလိုက်ကြပါလို့ ရှင်သာရိပုတ္တရာက မှာထားတယ်...(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ကျောင်းသွားတဲ့အခါမှာ ဒကာ ဒကာမတို့ ရွှေတွဲလွဲ ငွေတွဲလွဲ သနပ်ခါး စသည်တွေ လိမ်းကျံလို့ပေါ့ဗျာ... (မှန်ပါ့)။

## ရှင်ရေဝတ ရဟန္တာဖြစ်သွားတယ်

ဒါနဲ့ ရဟန်းတော်တွေကို သူကလျှောက်တော့ မင်း ဘယ်ကတုံး၊ ရှင်သာရိပုတ္တရာ၏ညီငယ် ရေဝတ ဆိုတာပါဘုရား ဆိုတော့ဟာ...ဒါဖြင့် တို့ကိုမှာထားတယ်၊ မင်း သင်္ကန်းဝတ်မလို့ လာတာ မဟုတ်လားဆိုတော့ ဟုတ်ပါတယ် ဘုရားလို့ ပြန် လျှောက်တယ်၊ ဒီတော့ ရဟန်းတွေက ဝတ်ပေးလိုက်ကြတယ်၊ ဒကာ ဒကာမတို့အင်မတန် နေရာမကျဘူးလား ...(ကျပါတယ်ဘုရား)။

ငယ်ငယ်ကသွားတော့ ငယ်ငယ်ကပင် ဒုက္ခသိမ်းပြီး ရဟန္တာဖြစ်သွားတာပဲ ဦးခင်မောင်...(မှန်ပါ့)။

## အသက်(၇၀)ကျော်တွေ ပါးနပ်ကြပြီလား

ရေဝတ သတို့သားမှာ ဘယ်တုန်းကစပြီး ပါးနပ်တာတုံး ...(ငယ်ငယ်ကလေးကပါ ဘုရား) ခင်ဗျားတို့က ၇၀, ကျော်တောင် ပါးနပ်ကြပလား မေးရင်...(မပါးပါဘုရား) မပါးကြဘူး၊ မပါးကြဘူး၊ ငယ်ငယ်တုန်းကတော့လည်း တစ်ယောက်နဲ့ တစ်ယောက် သနားမှုနဲ့ပြီးနေကြတာပဲ၊ သွားပြန်ပြီပေါ့ဗျာ...(မှန်ပါ့)။

ဒုက္ခညွန့်တွင်းက ဘယ်တော့မှ တက်ရတော့မှာမဟုတ်ဘူး ...(မတက်ရပါဘုရား)။

ငယ်ငယ်တုန်းကတော့လည်း ချစ်မှု, ခင်မှုနဲ့တစ်ယောက်နဲ့တစ်ယောက် တွယ်တာငဲ့ကွက်နေကြရတယ်၊ ကြီးတဲ့အခါကျတော့လည်း အဘိုးကြီးက ကြီး၊ အဘွားကြီးက နေရာမကျနဲ့ဆိုတော့ သူ့ကို ငါစောင့်၊ ငါ့ကို သူစောင့်နဲ့ပဲ သေပွဲဝင်လိုက်တာပဲ...(မှန်ပါ့)၊ သဘောပါပလား ..(ပါ့,ပါပြီဘုရား)။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီဉစ္စာ ခန္ဓာငါးပါး မသိတဲ့ပုဂ္ဂိုလ်၏ ဖြစ်ထွေဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

## အို, နာ, သေ ခန္ဓာငါးပါးက လာတယ်

ကောင်းပြီ...ဒါဖြင့် အို, နာ, သေ ဘယ်ကလာသတုံး ...(ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါးက လာတယ်နော်၊ ခန္ဓာငါးပါးက လာတော့ ဒီခန္ဓာငါးပါးကို တစ်ခါ ဘယ်ကလာသတုံး ...လို့ပြန်ပြီး သုံးသပ်ပါဦး ...(မှန်ပါ)၊ သုံးသပ်ပါဦးတဲ့ ဘုရားက၊ အခု နှစ်ချက်တော့ ဦးဘအုန်း မိပြီနော်...(မှန်ပါ့ ဘုရား)။

အို,နာ, သေ ဘယ်ကလာသတုံး ...(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ ခန္ဓာငါးပါးဆိုတော့ ဇာတိခန္ဓာ ငါးမျိုးပေါ့ဗျာ ...(မှန်ပါ)။

## ခန္ဓာငါးပါး၊ တဏှာကလာတယ်

အဲဒီ ခန္ဓာငါးပါးဟာ ဘယ်ကလာသတုံးလို့ ဆက်ပြီး တော့ တွေးပါ...တဲ့ ဒကာ ဒကာမတို့၊ အရင်းစစ်တော့ အမြစ်မြေ က ပေါ့ဗျာ...(မှန်ပါ)။

အဲဒီကဲ့သို့ တွေးလိုက်ပါဦးဆိုတော့ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက တဏှာက လာတယ်တဲ့...(မှန်ပါ) ပေါ်လာပြီ... (ပေါ်လာပါပြီ ဘုရား)။

ကိုင်း ...ဒကာ ဒကာမတို့ အကြောင်းအကျိုးဆက်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဆိုတော့ အကြောင်းတွေးပါဆိုတာ သုံးဆယ့်နှစ်ကောဋ္ဌာသ တွေးနေတဲ့ ပုဂ္ဂိုလ်က ဘယ်ကျေနပ်မလဲ၊ ဒါကတော့ သစ္စာရော ပဋိစ္စသမုပ္ပာဒ်ရော ပါလာတယ်၊ ကျေနပ်ပလား ...(ကျေနပ်ပါပြီ ဘုရား)။

နောက်အလုပ်ကျအောင် ပါလိမ့်မယ် ဒကာ ဒကာမတို့ ...၊ ဒီဥစ္စာ အလုပ်စခန်း ဖြတ်လမ်းကျအောင် ပါလိမ့်မယ်နော်... (မှန်ပါ့)။

## ကြပ်ကြပ် ဂရုစိုက်ပြီး နာကြ

ကြပ်ကြပ်ဂရုစိုက်ပြီးတော့ နာကြ၊ ဒီဥစ္စာ အင်မတန်အရေးကြီးတယ်၊ သမ္မသန (သမ္မသ) သုတ်ဆိုတဲ့ဥစ္စာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောတာ၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ အကြောင်းရင်းလက်သည်ကို ရှာဖွေပြီး ဟောထားတော်မူတာ... (မှန်ပါ့ဘုရား)။

ဘုရားဖြစ်ကာနီးမှ တွေ့တာ ကဲ...ငါတွေ့တဲ့အကြောင်းကိုတော့ဖြင့် ဝေနေယျသတ္တဝါတွေကို ပေးပါတော့မယ်၊ သူတို့အို၊ နာ၊ သေနဲ့ အိုးစားကွဲအောင် အကြောင်းလက်သည်ကို ပြပေးမယ်၊ အဲဒီအကြောင်းကို ဖြတ်ခိုင်းမယ်၊ ဖြတ်ကြလို့ရှိရင်ဖြင့်

အို၊နာ၊ သေ၊ ဒုက္ခသစ္စာနဲ့ အိုးစားကွဲပြီး မအိုရာ၊ မနာရာ၊ မသေရာ ဖြစ်တဲ့ နိဗ္ဗာန်ကို သေသေချာချာ ရောက်ကြရလိမ့်မယ်၊ ဒီရည်ရွယ်ချက်နဲ့ ဟောတော်မူတာ...(မှန်ပါ့)။

## တဏှာနဲ့ ဆုတောင်းလို့ ခန္ဓာရတာ

ကိုင်း ...ဒကာ ဒကာမတွေ ဘယ်လောက် အဖိုးတန်တယ်ဆိုတာ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား) အို၊ နာ၊ သေ ဘယ်က လာသတုံး ...(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဪ...ဒါဖြင့် ခန္ဓာငါးပါးရှိလို့ အို၊ နာ၊ သေ လာရတယ်၊ ဒီခန္ဓာငါးပါးကလည်း ဘယ်ကများ လာပါလိမ့်မတုံးလို့ တစ်ခါ မေးကြည့်ကြစမ်း ...(တဏှာက လာပါတယ်ဘုရား) တဏှာနဲ့ ဆုတောင်းလို့ ခန္ဓာရတယ်၊ ခန္ဓာရလို့ အို၊ နာ၊ သေ ပါလာတယ်... (မှန်ပါ့)၊ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နွယ်ပင်တစ်ပင်ကို အဖျားကနေ လိုက်လာတော့ ဦးခင်မောင် အရင်းကျတော့ အမြစ်တော့ တွေ့ရတော့မယ်... (မှန်ပါ့)။

ဒါ...အဖျားကနေပြီး ဆွဲလာတာ ဒကာ ဒကာမတို့၊ ခင်ဗျားတို့က ဒီလိုမဆွဲဘူး၊ အို၊ နာ၊ သေ ဘယ်ကလာပါလိမ့် မတုံး၊ ကြီးလို့ပဲ...(မှန်ပါ့ဘုရား) ဘယ်ဟုတ်လိမ့်မတုံးဗျ၊ ကြီးလို့

ဆို လူတိုင်းသိတာပေါ့၊ သဘောကျပလား ...(ကျပါပြီ ဘုရား)။

## ကံမကောင်းလို့ချည်း ယူတယ်

နာတာ ဘယ်နှယ်ကြောင့်တုံး၊ နာတာကလည်း သူက ဝေဒနာသည်သူက ကံမကောင်းလို့...တဲ့၊ ဘယ်ကံမကောင်းလို့ ချည်း ဘယ်ဟုတ်မလဲ၊ သူလည်း အရင်းစစ်တော့ တဏှာကလာ တာ...(မှန်ပါ့)၊ သဘောကျပလား ...(ကျပါပြီဘုရား)၊ သေသွား တော့လည်း ကံကုန်လို့ပဲ၊ စင်စစ်တော့ ခန္ဓာရလို့ပါပဲ...(မှန်ပါ့ ဘုရား)၊ ခန္ဓာမရရင်...(မသေပါဘုရား)။

## တွေးတာဟူသ၍ သစ္စာမဆိုက်

ဒါဖြင့် ဒကာ ဒကာမတို့ တွေးတာဟူသရွေ့ဟာ သစ္စာ တစ်ခုမှမဆိုက်ဘူး ...(မှန်ပါ့)၊ အိုတာကတော့ ကြီးလို့ ...တဲ့၊ နာတာကတော့ ကံမကောင်း အကြောင်းမသင့်လို့ ...တဲ့၊ အသက် တိုသွားပြန်လို့ရှိရင်လည်း သူ့ဟာက ကံကြောင့်...တဲ့...(မှန်ပါ့)၊ ဒကာ ဒကာမတို့ တဏှာနဲ့ ဆုတောင်းလို့ ခန္ဓာရတယ်၊ ခန္ဓာရလို့ အို, နာ, သေ ပါတယ်...(မှန်ပါ့)၊ ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

တဏှာနဲ့ဆုတောင်းတော့ ဘာရသတုံး ... (ခန္ဓာရပါ တယ် ဘုရား)၊ ခန္ဓာရလို့ ဘာဖြစ်သတုံး ...(အို, နာ, သေပါတယ်

ဘုရား)၊ ဒါဖြင့် ဒီ အို, နာ, သေလက်သည်အရင်းကျကျရှာတော့ တဏှာကြောင့်...(မှန်ပါ့)၊ သဘောကျပလား ...(ကျပါပြီဘုရား)။

ကောင်းပြီ...ဒါ ဒီလို အတွင်းကျကျ သုံးသပ်စမ်းသပ်ပါ ဆိုတော့မှ ဦးဘအုန်းရဲ့ လက်သည်ပေါ်လာတယ်...(မှန်ပါ့)၊ မပေါ်သေးဘူးလား ...(ပေါ်ပါပြီဘုရား)၊ လက်သည်ပေါ်လာပြီ... ပေါ်လာပြီ...ဒကာ ဒကာမတို့ ...(မှန်ပါ့)။

## တဏှာ ဘယ်ကလာသတုံး

ဒါနဲ့ မဆုံးသေးဘူး၊ သုံးသပ်ဦး ...တဲ့၊ ဒကာ ဒကာမတို့ ဒီတဏှာ ဘယ်ကလာသတုံး ...လို့ တစ်ခါလက်သည်ရှာကြဦး၊ ဒီတဏှာ ဘယ်ကလာသတုံးဆိုတော့ ဒကာ ဒကာမတို့ ခင်ဗျား တို့ ချစ်စရာ ခင်စရာက လာတယ်...(မှန်ပါ့)၊ သဘောကျပလား ...(ကျပါပြီဘုရား)။

ဒီတဏှာ ဘယ်ကလာသတုံး ...(ချစ်စရာ, ခင်စရာက လာပါတယ်ဘုရား)၊ ချစ်စရာ ခင်စရာကြောင့် တဏှာဖြစ်တယ်... (မှန်ပါ့)၊ တဏှာဖြစ်ခြင်းကြောင့် ခန္ဓာငါးပါးရတယ်...(မှန်ပါ့)၊ ခန္ဓာငါးပါးရလို့...(အို, နာ, သေရပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီ ချစ်စရာ ခင်စရာဟာ ခင်ဗျား တို့ လက်သည်အရင်းကျပြီ...(မှန်ပါ့)။

ဒါက ပေါ်လွင်အောင် ပြောထားတာ၊ တရားကိုယ်ပြော တော့မယ် ဆိုလို့ရှိရင်ဖြင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ မနက လာတာ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ဖောဋ္ဌဗ္ဗက လာတာ...(မှန်ပါ)၊ ဒီတော့ ဦးခင်မောင်ရေ...အာယတန ၁၂၊ ပါးက လာတာလို့ ဆို လိုက်ပါတော့...(မှန်ပါဘုရား)၊ သဘောကျပလား ...(ကျပါပြီ ဘုရား)။

## အာယတန (၁၂) ပါးက လာတယ်

ဒါဖြင့် ဒီဘက်က အာယတန ဘယ်နှပါးရှိသလဲ...(၁၂ ပါး ရှိပါတယ်ဘုရား)၊ ၁၂၊ပါးက လာတယ်လို့မှတ်ပါ၊ ဒကာ ဒကာမတွေ ဝိပဿနာ ရှုတတ်အောင်ကို ရှင်းပေးပါ့မယ်နော်၊ အာယတန ၁၂၊ပါးက လာတယ်ဆိုတာ ရိပ်မိကြပလား ...(ရိပ်မိ ပါပြီဘုရား)။

ဒါဖြင့် အာယတန ၁၂၊ပါးကို ခင်မိ မင်မိ ကြင်နာမိလို့ တဏှာလာတယ်...(မှန်ပါ)၊ တဏှာလာလို့ "တဏှာပစ္စယာ ဥပါဒါန် ဥပါဒါနပစ္စယာ ကမ္မဘဝေါ ကမ္မဘဝပစ္စယာ ဇာတိ" ဆိုတာ သူလာတာပဲ...(မှန်ပါဘုရား)၊ မလာဘူးလား ...(လာပါ တယ်ဘုရား)။

အဲဒီ ဇာတိဆိုတာ ခန္ဓာငါးပါးဆိုတာပဲ...(မှန်ပါ့)၊ အဲဒါ ခန္ဓာငါးပါး ရမိလို့ ဒကာ ဒကာမတို့ အို၊ နာ၊ သေနဲ့ ဇာတ်သိမ်း ရတယ်...(မှန်ပါ့)၊ သဘောကျပလား ...(ကျပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒီအတိုင်း ပြောတော့ကို ဒါလောက်မရှင်းဘူး၊ ပဋိလောမ ပြောင်းပြန် ပြန်ပြောမှ ဦးခင်မောင် ပိုပြီးရှင်းလိမ့်မယ်... (မှန်ပါ့)။

ကဲ...အားလုံး ဖြေကြစမ်းပါ၊ အို၊ နာ၊ သေ ဘယ်ကလာ သတုံး ...(ခန္ဓာငါးပါးက လာပါတယ် ဘုရား)၊ ခန္ဓာငါးပါး ဘယ်က လာသတုံး ...(တဏှာက လာပါတယ်ဘုရား)၊ တဏှာ ဘယ်က လာသတုံး ...(အာယတန ၁၂ ပါးက လာပါတယ် ဘုရား)။

## ခင်စရာ မင်စရာက လာတယ်

အဲ...အာယတန ၁၂ ပါးဆိုတာ ခင်စရာ၊ မင်စရာကို ဆိုတာ၊ ခင်စရာ၊ မင်စရာကလာတယ်...(မှန်ပါ့)၊ ခင်ဗျားတို့က လည်း လူတွေ ခင်တတ်၊မင်တတ် ခက်ပါသေးရဲ့ထဲက ကျနေ တယ်၊ မဟုတ်ဘူးလား ...(မှန်ပါ့)၊ ကျုပ်တို့ မျက်စိမျက်နှာ မှတ် ထားပါ၊ ခင်တတ်တယ်၊ မင်တတ်တယ်ဆိုတော့ ခင်စရာ၊မင်စရာ က တဏှာလာမှာပဲ...(မှန်ပါ့)၊ တဏှာလာရင် ဘာဖြစ်မတုံး ...

(ခန္ဓာငါးပါး လာပါတယ်ဘုရား)၊ ခန္ဓာငါးပါးလာရင် ဘာဖြစ်မတုံး ...(အို, နာ, သေ လာပါတယ် ဘုရား)၊ အဲ...ခင်ဗျားတို့က လည်း လောကွတ်ကောင်းကောင်းနဲ့တော့ တွေ့ကြပေါ့ဗျာ... (မှန်ပါ့)၊ မတွေ့သေးဘူးလား ...(တွေ့ပါတယ်ဘုရား)။

လောကွတ်က ဒကာ ဒကာမတွေ အင်မတန်ကောင်းတယ် ဦးဝတို့ပေါ့...(မှန်ပါ့)။

မျက်စိမျက်နှာများ မှတ်ထားနော် ဟုတ်လား၊ ကျုပ်တို့က ခင်တတ်မင်တတ်တယ်ဆိုတာ၊ မမေ့တတ်ဘူး မျှော်လိမ့်မယ်ဆိုတာ အောက်မေ့ထား အစရှိသည်နဲ့ ခင်တတ် မင်တတ်တဲ့ ဥစ္စာလဲ လောကွတ်က များလွန်းတယ်...(မှန်ပါ့ဘုရား)၊ ခင်စရာ မင်စရာကြောင့် ဘာလာသတုံး ...(တဏှာလာပါတယ် ဘုရား)၊ ခင်တဲ့ တဏှာ လာတယ်၊ ခင်တဲ့ တဏှာလာလို့ ဘာရသတုံး ...(ခန္ဓာငါးပါး ရပါတယ် ဘုရား)၊ အဲ...တဏှာကြောင့် ခန္ဓာဖြစ်တာ... (မှန်ပါ့ဘုရား)၊ ခန္ဓာဖြစ်ရင် ဘာဖြစ်ရမယ်ထင်သတုံး ...(အို, နာ, သေ လာရပါမယ်ဘုရား)။

ရေသောက်မြစ်တော့ တွေ့ပြီ

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ရေသောက်မြစ်တော့တွေ့ပြီ၊ ဒီအပင် ရေသောက်မြစ်မ မသေသရွေ့ ကာလပတ်လုံး အို, နာ, သေ အသီးအပွင့်တွေ ဖြစ်တော့ ဘယ်နည်းနဲ့မှ မျိုးပြုတ်တော့မှာ မဟုတ်ဘူး၊ ပြတ်စရာ မြင်သေးရဲ့လား ...(မမြင်ပါဘုရား) အို, နာ, သေ အသီးအပွင့်တွေကဖြင့် ရှည်လိမ့်မယ်ပေါ့ဗျာ...(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ လက်သည်တွေ့ကြပလား ...(တွေ့ပါပြီဘုရား) ဘာတွေ့ပါလိမ့်...(အာယတန ၁၂,ပါးပါဘုရား) မြန်မာလို သိအောင်ပြောတော့...(ခင်စရာ, မင်စရာပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ခင်စရာ, မင်စရာ အာရုံကြောင့် ခင်တဲ့တဏှာလာတယ်၊ ဒီဟာ ခင်နေလို့ရှိရင် ခန္ဓာငါးပါးလာမှာပဲ၊ မလာဘူးလား ...(လာပါတယ်ဘုရား)။

ဒီခန္ဓာငါးပါး မရ,ရအောင် ဆုတောင်းလို့ရှိရင် ဒီ အို, နာ, သေကတော့ ငါလိုက်ခဲ့ဦးမယ်ဆိုတော့ နေရစ်မှာမဟုတ်ဘူး ...(မနေရစ်ပါဘုရား)။

**တစ်သံသရာလုံး ဘယ်လိုနေခဲ့ကြသတုံး**

ဒါဖြင့်...ဒကာ ဒကာမတို့ တစ်သံသရာလုံးဟာ ဘယ်လိုများ နေခဲ့ကြပါလိမ့်မတုံး၊ အို...ခင်စရာ မင်စရာနဲ့ ခင်တာနဲ့ ခင်ခြင်းကြောင့် ခန္ဓာငါးပါး ပေါ်လာတယ်၊ ခန္ဓာငါးပါးပေါ်လို့ အို၊ နာ၊ သေနဲ့ ဇာတ်သိမ်းခဲ့ရတယ်၊ အို၊ နာ၊ သေနဲ့ ဇာတ်သိမ်းခဲ့ရလို့ နောက်ကျတော့ ခန္ဓာတစ်ခုပေါ်ပြန်တယ်ဆိုတော့ ဒကာ ဒကာမတွေ ဒီ ပဋိစ္စသမုပ္ပာဒ်သာ လှည့်နေမှာပဲ...(မှန်ပါ့ဘုရား) ဒီပြင် လှည့်စရာ ရှိသေးသလား ...(မရှိပါဘုရား)။

ဦးခင်မောင် ကောင်းကောင်း ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရင်းတော့တွေ့ပြီ၊ ဒကာ ဒကာမတွေ အရင်းတွေ့ပြီနော်၊ ဒကာ ဒကာမတွေ...(မှန်ပါ့) အာယတန မတွေ့သေးဘူးလား ...(တွေ့ပါပြီဘုရား)။

ဒီအာယတနတွေကို ခင်ဗျားတို့သည် အာယတနဆိုတာ တခြားမှတ်မနေပါနဲ့၊ ခင်ဗျားတို့ ခန္ဓာငါးပါးကို အာယတန ဖွဲ့လိုက်တာပါပဲ...(မှန်ပါ့) ခန္ဓာငါးပါးဆိုလည်း သူပဲ၊ အာယတန ၁၂,ပါးဆိုလည်း ...(သူပါပဲဘုရား) ဓာတ် ၁၈, ပါးဆိုရင်လည်း ...(သူပါပဲဘုရား)။

## ခင်တာကြောင့် တဏှာလာတာ

ကောင်းပြီ၊ ဒါဖြင့် ဒီကနေပြီးသကာလ လာတာ တဏှာက ဒီကနေလာတာ၊ ခင်စရာ မင်စရာကြောင့် ခင်တဲ့တဏှာ လာတယ်၊ ခင်တာကြောင့် ခန္ဓာလာတယ်၊ လာလို့ အို၊ နာ၊ သေ တွေ့ရတယ်...(မှန်ပါ့) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အို၊ နာ၊သေလည်း မကြောက်နဲ့၊ ရှင်းပလား ...(ရှင်းပါပြီ) ဘာကြောက်ရမတုံး ဆိုလို့ရှိရင် အို၊ နာ၊ သေ မကြောက်ပါနဲ့၊ ဟောဒီ ခန္ဓာငါးပါးလည်း မကြောက်ပါနဲ့၊ ဒီတဏှာကိုကြောက်ပါ...(မှန်ပါ့) ဒီတဏှာကို ကြောက်ပါ၊ သူ့ကြောင့် ဒီခန္ဓာတို့ အို၊ နာ၊ သေတို့ ပေါ်နေကြတာပါ...(မှန်ပါ့ဘုရား)။

## ခင်လို့ မင်လို့ ခန္ဓာပေါ်တာ

ဒီတဏှာက ခင်လို့ မင်လို့ ဒီခန္ဓာပေါ်တာ...(မှန်ပါ့)၊ ဒီခန္ဓာပေါ်လို့ အို၊ နာ၊ သေနဲ့တစ်ခါ အဖော်လုပ်နေရတယ်...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အို၊ နာ၊ သေပေါင်းနောက်က ဘယ်လောက်ကြုံခဲ့ရပြီတုံး ...(မရေတွက်နိုင်ပါဘုရား) ဘယ်သူ့ လက်ချက်တွေတုံး ဆိုရင်ကော ရိပ်မိကြပလား ...(ရိပ်မိပါပြီ

ဘုရား) တဏှာ့လက်ချက်ပဲ...(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီ ဘုရား)။

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီး ဥပမာတစ်ခု ရှင်းပြပါ့မယ်၊ ဒီကနေပြီး အင်္ဂလိပ်လက်ထက်က တစ်ခါတလေ နွားရိုး၊ ဆိတ်ရိုးတွေကို တွဲပေါင်း ၄၀, ၆၀ နဲ့ ရန်ကုန် တင်ရတယ် ...(မှန်ပါ့)။

ဩော်...ဒါလောက်တောင် အရိုးတွေများတဲ့ဥစ္စာ အသေ များလို့ပဲဆိုတာတော့ တွေးဖို့မလိုတော့ဘူး ...(မလိုပါဘုရား) လိုသေးသလား ...(မလိုပါဘုရား)။

## အရိုးများတာ နွားသတ်သမားလက်ချက်

ဩော်...ဒါဖြင့် အရိုးတောင်လိုပုံတာသည်ကားလို့ ဆိုရင် ဖြင့် အသေများလို့ပဲ...(မှန်ပါ့) ဒီအသေများတာသည် ဘယ်သူ့ လက်ချက်တုံး ...ဆိုလို့ရှိရင် နွားရိုးများရင် နွားသတ်ကုလား၏ လက်ချက်၊ ဆိတ်ရိုးများရင် ဆိတ်သတ်ကုလား၏ လက်ချက်ပဲ... (မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒီမှာ ကျုပ်တို့ အရိုးတွေ တွဲပေါင်းလေးဆယ်မက ခင်ဗျား တို့ အရိုးတွေဟာ ဘုရားတစ်ဆူ တစ်ဆူကြားမှာ ၄,ရက်တက် ၄, ရက်ဆင်း တောင်လောက်ရှိတယ်၊ တစ်ယောက်တည်းရဲ့ အရိုး

ပြောတာ...(မှန်ပါ့) ဒကာ ဒကာမတွေ အဲဒါ နွားသတ်ယောကျ်ား နဲ့တူတဲ့ တဏှာ၏ လက်ချက်တွေပဲ...(မှန်ပါ့) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ခုနင်က အရိုးတွေ တွဲပေါင်းသုံးလေးဆယ်နဲ့ တင်သွားတာ ဒီကုလား၏ လက်ချက်ပဲဆိုတာ ခင်ဗျားတို့ မပြောဘဲနဲ့ သိတယ်...(မှန်ပါ့) မသိဘူးလားဗျာ...(သိပါတယ်ဘုရား)။

ဒါလောက်တောင် အရိုးတွေ ရန်ကုန် တင်ရတာ များလှချည်းလားဆိုရင် ဩော်...သူ့လက်ချက်လေ နွားသတ်သမား၏ လက်ချက်...(မှန်ပါ့)။

**တဏှာ့လက်ချက်**

ဒီမှာလည်း ကျုပ်တို့ ဘုရားတစ်ဆူ တစ်ဆူကြားမှာ သေရတဲ့ ကျုပ်တို့အရိုးတွေကို မဆွေးမမြည့်ဘဲနဲ့ စုပုံထားလို့ရှိရင် ၄,ရက်တက် ၄,ရက်ဆင်း တောင်လောက်ရှိမယ်...(မှန်ပါ့)။

ဘုရားဉာဏ်တော်နဲ့ချိန်ပြီး ဟောခဲ့တာနော်...(မှန်ပါ့) ဒါလောက်များအောင် သေရတာ ဘယ်သူ့လက်ချက်တုံး ... (တဏှာ့လက်ချက်ပါဘုရား) ဒီတဏှာက ဘာဖြစ်လို့ပေါ်တာတုံး ဆိုတော့ ဒီအာယတနတွေ ခင်နေလို့ပေါ်တာ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒီအာယတနတွေ ခင်ပြီး ဒီတဏှာပေါ်လို့၊ ဒီတဏှာက နေပြီး ဒီခန္ဓာလုပ်လိုက်လို့ ဒီ အို၊ နာ၊ သေ အရိုးတွေ ပေါ်လာတာ ပဲ၊ မပေါ်ဘူးလား ...(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီ အို၊ နာ၊ သေဆိုတဲ့ အရိုးတောင်လိုပုံတဲ့ ဥစ္စာ ဒကာ ဒကာမတို့ သံယုတ်ပါဠိတော်မှာ လာတယ်၊ ၄၊ရက်တက် ၄၊ရက်ဆင်း ရှိတယ်...(မှန်ပါ) အဲဒါ တစ်ယောက်၏ အရိုးကို ပြောတာ၊ တီတို့ ကျွတ်တို့ မျှော့တို့ စတဲ့ အရိုးမရှိတဲ့ သတ္တဝါတွေ ဆွေးသွားတာ မပါဘူး၊ တစ်ယောက်တည်းပြောတာ...(မှန်ပါ ဘုရား)။

## နောက်ထပ် သေချင်သေးသလား

ဒကာ ဒကာမတို့ သေဖို့ရာ အားရလောက်ပြီမဟုတ်လား ...(အားရလောက်ပါပြီ ဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား) နောက်ထပ် သေချင်သေးသလား ...(မသေချင်ပါဘုရား)။

တော်တော်တော့ နေရာကျလာပြီ၊ ရေဝတကလေး လမ်းစဉ်တော့ တော်တော်နီးလာကြပြီ...(မှန်ပါ) ရေဝတ နည်း နည်း ဆန်လာပြီ...(မှန်ပါ)။

ဒကာ ဒကာမတို့ သူတစ်ယောက်၏ အရိုးဟာ စုပုံထား

လို့ရှိရင် ၄,ရက်တက် ၄,ရင်ဆင်း တောင်လောက်ရှိတယ်ဆိုတော့ မန္တလေးတောင်လောက် မကဘူးပေါ့...(မှန်ပါ့)။

## တဏှာက ခိုင်းတယ်

မန္တလေးတောင်ဟာ တစ်နာရီတက် တစ်နာရီဆင်း ရောက်ပါတယ်၊ ဘယ်လောက်ပဲ ခြေသေးသေး ဟိုမှာ ၄,ရက်တက် ၄,ရက်ဆင်းဆိုတော့ ဒကာ ဒကာမတွေ ကိုယ့်အရိုးဟာ ဒါလောက်တောင် များပါတယ်ဆိုတာ စင်စစ်တော့ ဒီတဏှာ့လက်ချက်ပဲ...(မှန်ပါ့) သူ့သတ်တဲ့ လက်ချက်ပဲ၊ သူက ဒီဘဝသွားသေလိုက်၊ ဟိုဘဝ သွားသေလိုက်၊ သူကချည်း ခိုင်းတယ်ဆိုတာ မသေချာဘူးလား ...(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဉာဏ်တော်နဲ့ကြည့်တာ တီတို့၊ ကျွတ်တို့၊ မျှော့တို့ ဖြစ်တဲ့ဘဝ မထည့်သေးဘူး၊ အရိုးရှိတဲ့ သတ္တဝါဖြစ်တာတင် ထည့်ပြောတာ...(မှန်ပါ့)။

ကိုင်း ...ဒကာ ဒကာမတို့ သစ္စာမသိလို့ ဖြစ်နေကြတာ...(မှန်ပါ့) ဦးခင်မောင် ဘာမသိလို့ပါလိမ့်...(သစ္စာမသိလို့ပါဘုရား) သစ္စာမသိတော့ လူဖြစ်ရပါလို၏...သွား သွားပြီး တောင်းတယ်...(မှန်ပါ့)။

လူဖြစ်ရပါလို၏ သွားတောင်းတော့ အရိုးက ကျန်ဦးမှာ ပဲ...(မှန်ပါ) နတ်ဖြစ်ရပါလို၏ ဆုတောင်းလည်း ...(အရိုးကျန်ဦး မှာပါဘုရား) နတ်ဖြစ်လည်း အရိုးကတော့ ကျန်ဦးမှာပဲ...(မှန်ပါ) နတ်ပြည်မို့ မကျန်ဘူးဆိုစေကာမူ ဒကာ ဒကာမတို့ အရိုးဟာ သူ့အချိုးကျတော့ ရှိရမှာပဲ...(မှန်ပါ) မရှိရဘူးလား ... (ရှိရမှာပါဘုရား)။

## သစ္စာမသိတဲ့ လက်ချက်

ကိုင်း ...ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ သစ္စာမသိတဲ့ ဒဏ်ချက်ဟာ အတော်ပိနေပြီ...(မှန်ပါ) ဆိုထိုက်ပလား ... (ဆိုထိုက်ပါပြီဘုရား)။

ဒါဖြင့် သစ္စာသိအောင် ဆရာဘုန်းကြီးကလည်း ကယ် တင်ပြီး ခင်ဗျားတို့ကလည်း ဩော်...သစ္စာမသိသရွေ့ ကာလ ပတ်လုံးဖြင့် ငါတို့ ခက်ပါသေးတယ်၊ အသေချည်း ဆုတောင်းနေ မှာပဲဆိုတာဖြင့် ပြောဖို့ရာ လိုသေးသလား ...(မလိုပါဘုရား)။

အရိုးတောင်လိုပုံရပါလို၏ ဆုတောင်းတာနဲ့ကော ထူးဦး မလား ...(မထူးပါဘုရား) သဘောပါကြပလား ...(ပါပါပြီ ဘုရား)။

## အရိုး တောင်လို ပုံရပါလို့၏

အရိုးတောင်လိုပုံရပါလို့၏...ဆိုတော့ သူများလက်ချက်နဲ့ အသက်ထွက်ရပါလို့၏ကော ပါ, မပါ...(ပါ,ပါတယ်ဘုရား) ခန္ဓာမရှိရင် ဘယ်သူ့လက်ချက်နဲ့ အသက်ထွက်စရာ လိုသေးသလား ...(မလိုပါဘုရား)။

ဒီခန္ဓာက ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ချုပ်ငြိမ်းရင် ဒကာ ဒကာမတို့ နိရောဓသစ္စာ နိဗ္ဗာန်ဟာ ခင်ဗျားတို့ သူများလက်ချက်နဲ့ အသက်မထွက်တဲ့ နိဗ္ဗာန်ဟာ ပေါ်တော့မယ်...(မှန်ပါ)။

ခန္ဓာကို ဒုက္ခသစ္စာဟု မသိသေးသရွေ့ဖြင့် ဒါချည်းလှည့်တောင်းနေဦးမှာပဲ...(မှန်ပါ) ဒါရအောင်ပဲ ကြိုးစားနေမှာပဲ...(မှန်ပါ) သဘောပါကြပလား ...(ပါ, ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ပြန်မေးပါဦးမယ်၊ အို, နာ, သေ ဘယ်ကလာသတုံး ...(ခန္ဓာကလာပါတယ်ဘုရား) ခန္ဓာငါးပါးကလည်း အလိုလိုပေါ်တာလား၊ မိုးပေါ်က ကျလာတာလား တစ်ခါမေးပါဦး ...(မဟုတ်ပါ ဘုရား) ဘယ်ကလာသတုံး ... (တဏှာက လာပါတယ်ဘုရား) ဒီတဏှာ ဘယ်ကလာပါလိမ့်... (အာယတန ၁၂,ပါးက လာပါတယ်ဘုရား)။

## မသုံးတတ်ရင် ဘေးသင့်မယ်

ဒါဖြင့် ဒီအာယတန ၁၂, ပါးသည် ဒကာ ဒကာမတို့ သုံးတတ်ရင်လည်း ဆေးပါပဲ၊ မသုံးတတ်ရင်လည်း ဘေးသင့်နေမယ်ဆိုတာတော့ သူ့ကို နှစ်မျိုးမှတ်လိုက်တာပေါ့...(မှန်ပါဘုရား)။ သုံးတတ်ရင် ဆေးဖြစ်မနော်...(မှန်ပါ) မသုံးတတ်ရင် ဘေးသင့်မယ်...(မှန်ပါ)။

သူ့ကို ခင်မှုနဲ့ ဒီအာယတန ၁၂,ပါးဆိုတာ ခင်ဗျားတို့ ခန္ဓာကိုယ်ပဲ၊ ယောကျ်ားခန္ဓာကိုယ်လည်း အာယတန ၁၂,ပါးပဲ၊ မိန်းမခန္ဓာကိုယ်လည်း ...(၁၂,ပါး ပါပဲဘုရား)။

အဲဒါကလေးကို ခင်ဗျားတို့က တဏှာနဲ့သာ ခင်ကြမယ်ဆိုရင်ဖြင့် ဒီတဏှာက လာလို့ရှိရင် နောက်ခန္ဓာ တွေ့ရတော့မှာပဲ၊ နောက်ခန္ဓာတွေ့ရင် အို, နာ, သေနဲ့ဖြင့် ဇာတ်သိမ်းရတော့မှာပဲ... (မှန်ပါဘုရား) မသိမ်းပါနဲ့ဆိုလို့...(မရပါဘုရား)

## မသာပိတ်စာတွေ လက်စံနေရတယ်

ကိုင်း ...ဒကာ ဒကာမတို့ ဘယ်မှာဖြင့် မသာချရပြန်သတဲ့ ဦးဘအုန်းတို့ မကြားကြဘူးလား ...(ကြားပါတယ်ဘုရား) ခဏခဏ ဖိတ်စာတွေကော မလာဘူးလား ...(လာပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ဒီဖိတ်စာတွေ ရနေပါလိမ့်မတုံးဆို

တော့ ဖိတ်စာရချင်လို့ ရတာမဟုတ်ဘူး၊ ဒကာ ဒကာမတို့ ဖိတ်စာ လက်ခံတဲ့ ပုဂ္ဂိုလ်ကလည်း သူ့မှာလည်း အိ၊ နာ၊သေ ရှိလို့ သူလည်းရတာပဲ၊ ဟိုပုဂ္ဂိုလ်ကလည်း ဖိတ်စာပေးရတာ အိ၊ နာ၊ သေကြောင့် ဖိတ်စာပေးရတာပဲ...(မှန်ပါ့) ဒီက ဖိတ်စာလက်ခံတဲ့ ပုဂ္ဂိုလ်ကကော...(အို၊ နာ၊ သေ ကြောင့်ပါဘုရား)။

အို၊ နာ၊ သေ ရှိတာနဲ့ လက်ခံလိုက်ရတာ ဒါဖြင့် ထိုပုဂ္ဂိုလ်ကလည်း ဖိတ်စာမပေးရအောင်၊ ကိုယ်လည်း ဖိတ်စာလက်ခံမှုကင်းအောင်ဆိုရင်ဖြင့် နိဗ္ဗာန်ပဲ ရှိတော့တယ်...(မှန်ပါ့ဘုရား) ဦးခင်မောင် သဘောပါပလား ...(ပါပါပြီဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဖိတ်စာ လက်ခံလို့ဆုံးမှာ မဟုတ်ဘဲ၊ ဖိတ်စာလက်ခံတဲ့ ပုဂ္ဂိုလ်ကလည်း ဒကာ ဒကာမတွေ ဘာဖြစ်လို့ လက်ခံရတာတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ...(အို၊ နာ၊ သေ ရှိလို့ပါဘုရား) အို၊ နာ၊ သေက ကိုယ့်မှာလည်းရှိတယ်...(မှန်ပါ့)။

ဒါဖြင့် ဖိတ်စာလည်း အို၊ နာ၊ သေ ရှိလို့ ဟိုက ကျုပ်ဖြင့် ဒီဒုက္ခ ရောက်ပါပြီလို့ဆိုပြီး ဦးခင်မောင်တို့ ဦးဘအုန်းတို့ဆီ စာကလေးလာမှာပေါ့...(မှန်ပါ့)။

ခင်ဗျားတို့က ဒီစာကလေး လက်ခံပြီးသကာလ ဘယ်နှယ်ကြောင့် လက်ခံနိုင်တာတုံး မေးလိုက်ပြန်တော့လည်း ...(အို၊ နာ၊ သေရှိလို့ လက်ခံတာပါဘုရား)။

## ခင်ဗျားလည်း ဒုက္ခသစ္စာလို့ပြောတာ

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာ စဉ်းစားကြပေတော့ ဒီဥစ္စာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိရင် ဖြင့် ကျုပ်ဖြင့် ဒုက္ခသစ္စာပဲ၊ ခင်ဗျားလည်း ဒုက္ခသစ္စာပဲလို့ ပြောတာနဲ့ ဘာမှမထူးဘူး ...(မထူးပါဘုရား) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒကာ ဒကာမတို့က မဖိတ်မှာများတောင် စိုးရိမ်မယ်၊ တို့မှာ ပိုက်ဆံမရှိလို့ အရင်လို မဟုတ်လို့ ဖိတ်စာကလေးများ တောင် မလာတော့ဘူးလို့ အောက်မေ့မနေကြနဲ့ ဖိတ်စာမလာတာ က တော်သေးတယ်...(မှန်ပါ) ဖိတ်စာလာတာ အို၊ နာ၊ သေ ရှိနေတဲ့ ပုဂ္ဂိုလ်မို့ အို၊ နာ၊ သေက လက်ခံတာ...(မှန်ပါဘုရား)။

ဦးခင်မောင် ဘယ်သူက လက်ခံတာတုံး ...(အို၊ နာ၊ သေက လက်ခံတာပါဘုရား) အို၊ နာ၊ သေရှိတဲ့ ပုဂ္ဂိုလ်မို့ ဒါကို လက်ခံ တာ၊ ဟိုကလည်း အို၊ နာ၊ သေ ရှိကြောင်းကိုလည်း ကြေညာပေးလိုက်တယ်...(မှန်ပါ) ဒီက ကြေညာပေးလိုက်တဲ့

အတိုင်း လက်ခံ နိုင်တဲ့ သတ္တိကလည်း ဘာရှိလို့ လက်ခံတာတုံး ...(အို၊ နာ၊ သေ ရှိလို့ လက်ခံနိုင်တာပါဘုရား) ဒါဖြင့် နှုတ်ခမ်းပဲ့ ချင်း မီးမှုတ်တဲ့ဓာတ် သိမ်းမှတော်မယ်...(မှန်ပါ့)။

ဒါဖြင့် ဖိတ်တဲ့ပုဂ္ဂိုလ်ကလည်း အို၊ နာ၊ သေ လမ်းကို မလိုက်ရင် နောက်ထပ် ဖိတ်စရာမလိုတော့ဘူး၊ လက်ခံတဲ့ပုဂ္ဂိုလ် လည်း ဒါကြီးမြင်ပြီးသကာလ ချစ်ခင်တဲ့ ပုဂ္ဂိုလ်ဖြင့် စိတ်မ ကောင်းရမှာပဲ၊ မချစ်ခင်တဲ့ ပုဂ္ဂိုလ်ဖြင့်လည်း သေတာကောင်း တယ်ဆိုတဲ့ ဒေါသ လာချင်လာဦးမှာပဲ...(မှန်ပါ့) မလာပေဘူး လား ...(လာပါတယ်ဘုရား) အမျိုးမျိုးလာမယ်နော်...(မှန်ပါ့) အမျိုးမျိုးလာပြီးသကာလ နေတော့ ကိုယ့်မှာလည်း ကျက်သရေ မရှိတဲ့စာ ရောက်လာတာလား၊ ကျက်သရေရှိတဲ့စာ ရောက်လာ တာလား ...(ကျက်သရေမရှိတဲ့စာ ရောက်လာတာပါဘုရား) ဘာဖြစ်လို့ ကျက်သရေမရှိတဲ့စာ ကိုယ့်ဆီရောက်လာပါလိမ့်... (အို၊ နာ၊ သေ ရှိနေလို့ပါဘုရား) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

တို့များ မဖိတ်လို့ဆိုပြီး ဝမ်းမနည်းလိုက်ပါနဲ့၊ ကိုယ် ကျက်သရေမရှိလို့ ရောက်လာတာ...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား) ခင်ဗျားတို့က ဂုဏ်ကြီးလို့ ရောက်လာတယ် ထင်နေတာနော်...(မှန်ပါ့)၊ ဘာဂုဏ်ရှိသတုံး၊ အို၊ နာ၊ သေ ဂုဏ်ပဲ ရှိတယ်...(မှန်ပါ့) ဒီပြင် ဘာရှိသတုံး ...(ဘာမှ မရှိပါဘုရား)

အို, နာ, သေ ဂုဏ်ရှိလို့ ခင်ဗျားတို့ဆီမှာ အို, နာ,သေစာပဲ သေပါ ပေါ့ဆိုတဲ့စာ ရောက်လာတယ်ဆိုတာ သဘောကျပလား ... (ကျပါပြီဘုရား)။

## တဏှာသေမှ အေးတော့မယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဖိတ်စာလည်း မရောက်အောင် အသုဘကြီးကိုလည်း လိုက်ပို့တဲ့၊ ဇာတ်သိမ်းရအောင် ဒီတဏှာ သေမှ အေးတော့မယ်...(မှန်ပါ့) သဘောကျပလား ...(ကျပါပြီ ဘုရား)။

ဒီတဏှာသေမှ ဖိတ်စာလည်း လက်ခံလို့မရတော့ဘူး၊ ဖိတ်စာရလို့ရှိရင်လည်း အသုဘကို လိုက်ပြီးသကာလ ပို့ရလိမ့် ဦးမယ်...(မှန်ပါ့)။

ဦးခင်မောင် ဘာလုပ်ရမယ် ထင်သတုံး ...(အသုဘလိုက် ပို့ရမှာပါဘုရား) အသုဘဆိုတာက တင့်တယ်တာလား ...(မတင့် တယ်တာပါဘုရား)။

မတင့်တယ်တာကို မတင့်တယ်တဲ့လူက လိုက်ပို့ရလိမ့် ဦးမယ်...(မှန်ပါ့) အသေကို အရှင်က ပို့တာပဲ၊ သဘောကျပလား ...(ကျပါပြီဘုရား)။

နောက်ကျတော့ ခင်ဗျားတို့ လမ်းမှာပြောတယ်၊ အို... သူသေ ငါပို့ပေါ့ပဲ၊ အဲဒီအတိုင်း မပြောကြဘူးလား ...(ပြောပါတယ်ဘုရား) သူသေ ငါပို့ပေါ့ပဲ၊ အသုဘ၊ အသုဘချင်းပါပဲလို့ မပြောဘူးလား ...(ပြောပါတယ်ဘုရား)။

## တဏှာသိမ်းမှ နိဗ္ဗာန်

ဒါဖြင့် သူလည်း အသုဘဇာတ်သိမ်းလို့ရှိရင် နိဗ္ဗာန်ပဲ၊ ကိုယ်လည်း အသုဘဇာတ်သိမ်းရင်...(နိဗ္ဗာန်ပါဘုရား) အဲဒီ နိဗ္ဗာန်ဟာကော ဒကာ ဒကာမတို့ ဘယ်သူသိမ်းမှ နိဗ္ဗာန်ရောက် မယ်ဆိုတာကော ယနေ့ပေါ်ပလား ...(ပေါ်ပါပြီဘုရား) ဘာပေါ် သတုံး ...(တဏှာသိမ်းမှ ရောက်မှာပါ) တဏှာသိမ်းမှနော်... (မှန်ပါ့)။

ဒီတဏှာသိမ်းနည်းသည် ဒကာ ဒကာမတို့ အလွန် အရေးကြီးတဲ့နည်းပဲဆိုတာ မှတ်ရလိမ့်မယ်...(မှန်ပါ့) ဒီတဏှာ သိမ်းနည်းလောက် အရေးကြီးတာ မရှိဘူး၊ ဒီတဏှာသိမ်းလိုက် လို့ရှိရင် ခန္ဓာသိမ်းတယ်...(မှန်ပါ့) ခန္ဓာသိမ်းရင် အို၊ နာ၊ သေ ငြိမ်းတယ်...(မှန်ပါ့) ဘာမှ သံသယ မရှိနဲ့ဆိုတာ သဘောကျ ပလား ...(ကျပါပြီဘုရား)။

## ဒီတဏှာ ဘယ်ကလာသတုံး

အဲဒီတော့ ဒီတဏှာ ဘယ်ကလာသတုံး ...(အာယတန က လာပါတယ်) ဩော်...အာယတန ၁၂, ပါးဆိုတာ စာလို ပြောနေတာပါ၊ ခင်ဗျားတို့ ခန္ဓာက လာတာပါ၊ သဘောကျပလား ...(ကျပါပြီဘုရား)။

တစ်နည်း သားသမီးခန္ဓာက လာတယ်...(မှန်ပါ့) ဆွေမျိုးညာတကာ ခန္ဓာကကော...(လာပါတယ်ဘုရား) ဩော်... ဒါဖြင့် ခင်ဗျားတို့ ခင်ရာ မင်ရာက လာတယ်လို့သာ မှတ်ပေတော့ ...(မှန်ပါ့)။

ဒီတဏှာ ဘယ်ကလာသတုံး ...(ခင်ရာ မင်ရာက လာ ပါတယ်ဘုရား) ခင်ရာ မင်ရာကြောင့် ခင်တာဆိုတဲ့ တဏှာလာ တယ်၊ ခင်စရာ မင်စရာ မရှိရင် ခင်တယ်ဆိုတဲ့ တဏှာက ဘယ့်နှယ်တုံး ...(မလာပါဘုရား)။

## ခင်ရာ မင်ရာက လာတယ်

ဒါဖြင့် ကျုပ်တို့က ခင်တတ်တယ်ဆိုရင် ဒီတဏှာ မလာ ဘူးလား ...(လာပါတယ်ဘုရား) ဒီတဏှာလာရင် ဒါဖြစ်ရတော့ မယ်၊ ခန္ဓာငါးပါးရမယ်...(မှန်ပါ့) ခန္ဓာငါးပါးရရင် ဘာတုံး ...(အို, နာ, သေ ရပါတယ်ဘုရား.) အို, နာ, သေဟာ ကိုယ်ပိုင်ပစ္စည်း

မဖြစ်ပေဘူးလား ...(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အကြောင်းအကျိုးတော့ဖြင့် ဆက်မိပြီ...တဲ့၊ ဒီဥစ္စာ နှစ်မျိုးဟောရလိမ့်မယ်...(မှန်ပါ့ဘုရား) အို, နာ, သေ မလာအောင် တစ်နည်းဟောရမယ်...(မှန်ပါ့ဘုရား) အို, နာ, သေ လာတဲ့နည်း ယနေ့ပြီးသွားပြီ၊ အာယတနကြောင့် ဘာလာသတုံး ...(တဏှာလာပါတယ်ဘုရား) တဏှာကြောင့် ဘာလာသတုံး ...(ခန္ဓာလာပါတယ်ဘုရား) ဟောဒါက ဒုက္ခ သစ္စာ လာတယ်...(မှန်ပါ့ဘုရား) ရိပ်မိပလား ...(ရိပ်မိပါပြီ ဘုရား)။

## တဏှာမရှိမှ ခန္ဓာမရှိမှာ

ကောင်းပြီ...ဒါဖြင့် နိရောဓသစ္စာလမ်းဆိုတာ ရှိသေးတယ်...(မှန်ပါ့) နိရောဓသစ္စာလမ်း ဟောရမယ် ဆိုလို့ရှိရင်ဖြင့် ဒီ အာယတန မလာမှ ဒကာ ဒကာမတို့ ဒီတဏှာမရှိမယ်...(မှန်ပါ့ ဘုရား) ဒီတဏှာမရှိမှ...(ခန္ဓာမရှိမှာပါဘုရား) ဒီခန္ဓာမရှိမှ...(အို, နာ,သေ မရှိမှာပါဘုရား) အဲဒါ နက်ဖြန်မှ နာရမယ်...(မှန်ပါ့ ဘုရား)။

**ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့ ...**

**သာဓု...သာဓု...သာဓု**